မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျှင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဝဏ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ် (၀၉၈)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်။

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "၀" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "၀" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။ (အပေါ်ပုံ)

စာမျက်နှာ ၇ ကော်လံ ၁ ◆

ယနေ့ ဖတ် စ ရာ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဒုတိယနေ့ ဆက်လက်ခင်းကျင်းပြသ ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု — ပြည်တွင်းသတင်း — စာ - ၈

နိုင်ငံ့စီးပွား၊ ဒေသစီးပွား တိုးတက်ရေး အထောက်အကူပြု စေမည့် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း — ဆောင်းပါး — စာ - ၁၀

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတစ်ခုလုံး အအေးလှိုင်းကျရောက် မြူများသိပ်သည်းစွာကျ၍ ရထားများသွားလာရေး နှောင့်နှေး — နိုင်ငံတကာသတင်း — စာ - ၁၃

မမ္မေနိုင်ဖွယ် အညာဆောင်း — ဆောင်းပါး — စာ - ၂၀

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနှင့် နိုင်ငံသားကောင်းများ၏စွမ်းအား

ဒီမိုကရေစီဟူသော ဝေါဟာရသည် မိမိတို့နိုင်ငံတွင် လွန်ခဲ့သော ၃၅ နှစ်ခန့်မှ စတင်၍ ကျယ်ကျယ်လောင်လောင် ပေါက်ကွဲပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နိုင်ငံတွင် ကျင့်သုံးခဲ့သည့် တစ်ပါတီနိုင်ငံရေး၊ ဗဟိုဦးစီးစနစ်နှင့်စီမံကိန်းချ ဆိုရှယ်လစ်စီးပွားရေးတို့၏ မအောင်မမြင်ဖြစ်မှုများအပေါ် ပြည်သူလူထုက ငြီးငွေ့လာပြီး လိုလားနှစ်သက်ခြင်းမရှိတော့ခြင်းနှင့်အတူ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများကိုအားကျကာ ပါတီစုံဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးဆီသို့ တိမ်းညွတ်လာကြခြင်းဖြစ်သည်။

အတိုချုပ်၍ဆိုရလျှင် ပြည်သူ့အများ လိုလားခဲ့ကြသည့် ပါတီစုံဒီမိုကရေစီစနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပြဋ္ဌာန်းခြင်းနှင့်အတူ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရများလည်း ၂၀၁၁ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့ရာ အစိုးရနှစ်ဆက်ရှိခဲ့ပြီဖြစ်သည်။ ဒီမိုကရေစီသက်တမ်း ၁၀ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် နိုင်ငံ၏ နိုင်ငံသားများအနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် မိမိတို့၏ အရေးပါသောအခန်းကဏ္ဍကို မှန်ကန်စွာ သိနားလည်ကြရန် လိုအပ်သည်။ နိုင်ငံသားများကောင်းမှ အရည်အသွေးမြင့်မားမှ သာလျှင် နိုင်ငံကို ကောင်းမွန်အောင်၊ မြင့်မားတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည့်အလျောက် စိတ်ဓာတ်မြင့်မားသော၊ ဉာဏ်အမြော်အမြင်ရှိသော၊ စည်းကမ်းကောင်းမွန်သော၊ ဆင်ခြင်တုံတရားပြည့်ဝသော၊ လုံ့လဝီရိယရှိသော နိုင်ငံသားများအဖြစ် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်သည်။

ဆန့်ကျင်ဘက်အားဖြင့်ဆိုလျှင် စိတ်ဓာတ်နိမ့်ကျသူများ၊ လူပျင်းများ၊ လူဖျင်းများ၊ စည်းမဲ့ကမ်းမဲ့နေသူများ၊ တစ်ဖွတ်ထိုးများ၊ တဇောက်ကန်းများ၊ ပါတီအစွဲ၊ ပုဂ္ဂိုလ်အစွဲကြီးသူများဖြင့် နိုင်ငံကို မတည်ဆောက်နိုင်သည့်အပြင် ဆင်းရဲမွဲတေမှု၊ ပညာရေးနိမ့်ကျမှုနှင့် မကောင်းသည့် လူမှုထုံးဓလေ့များပါ ပေါင်းစပ်သွားပါက နိုင်ငံကို ဇောက်ထိုးကျသွားသည်အထိ ဆိုးရွားသွားနိုင်သည်။ အထူးသဖြင့် ပါတီနိုင်ငံရေးတွင် တွေ့ရလေ့ရှိသည့် မိမိ၏ကိုယ်ကျိုးစီးပွား၊ မိမိပါတီ၏ အကျိုးစီးပွားကို အမျိုးသားအကျိုးစီးပွားထက်ပိုမိုၦ ဦးစားပေးခြင်း၊ နိုင်ငံရေးကျင့်ဝတ်ချိုးဖောက်ခြင်း၊ ဆင်ခြင်တုံတရားနည်းပါးစွာ လှုံ့ဆော်ခြင်းအားဖြင့် လူထုအတွင်း ဆန့်ကျင်ကွဲလွဲမှုများဖြစ်ပေါ်ကာ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခြင်းတို့ကို ထိန်းကျောင်းနိုင်ရန်လည်း လိုအပ်သည်။

ဒီမိုကရေစီသည် ပြီးပြည့်စုံကောင်းမွန်သော စနစ်တစ်ခု မဟုတ်သည့်တိုင် လက်ရှိအခြေအနေ အချိန်အခါတွင် သူ့ထက်ကောင်းသည့်စနစ်မရှိသေး။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံများသည်လည်း မိမိတို့နှင့်ကိုက်ညီအောင်၊ ဆီလျော်အောင် ပြုပြင်ကျင့်သုံးကြရခြင်းသာဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှု ဖြစ်စဉ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့သော ကြားကာလ အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးဟူသော နိုင်ငံရေးဦးတည်ချက်တစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံသားကောင်းများ၏ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားများဖြင့် ပူးပေါင်းပါဝင် အားဖြည့်ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော် အပ်ပါကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧနှစ်ဝါရီ ၅

၂၀၂၃ ခုနှစ် ဧနှစ်ဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချိုဆွန်းဟွာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်ကျန်းမာရှင်လန်းစွာဖြင့် လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖိုင်ဇယ် ဘင် ဖာဟန် အယ်လ် ဆာအုဒ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဧနှစ်ဝါရီလ (၄) ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရှင်လန်းစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်း နွေးထွေးလှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧနှစ်ဝါရီ ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ဘုန်းဘုရားကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ဥက္ကံသာရာမရွှေကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပေပင်ပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမ(ရွှေကျင်တိုက်မကြီး)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေဝနိမ္မိတာရုံကျောင်းတိုက်နှင့် သဃ်နိုးကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ

လားရှိုး ဧနှစ်ဝါရီ ၅

လားရှိုးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ အရုဏ်ဆွမ်း လောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက လားရှိုးမြို့ ဘူတာလမ်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူပွဲသို့ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)မှ ရဲမှူးကြီး အောင်မြင့်နိုင်နှင့် ဧနီး၊ လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယရဲမှူးကြီး ဝေဠုသတိုးနှင့် ဧနီး၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များ၊ မှူခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့နှင့် မိသားစုဝင်များ၊ ကမ်းလင့်လက် ပရဟိတအသင်းသား အသင်းသူများက လားရှိုးမြို့ပေါ်ရှိ ပင့်သံဃာ ၁၀၀ ပါး တို့အား ဆွမ်း၊ ခဲဖွယ်၊ လျှုဖွယ်ဝတ္ထုများ စုပေါင်းလောင်းလှူ ပူဇော်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ဆုရကြသူများအား ဆုချီးမြှင့်

ရန်ကုန် ဧနှစ်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း၏ ကြီးကြပ်မှု ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း၏ဦးဆောင်မှုဖြင့် ကျင်းပသော (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ဆုရကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧနှစ်ဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက ဗဟန်းမြို့နယ် အာဇာနည်ကုန်း၊ သွေးဆေးကန်အနောက်ဘက်ရှိကြီးငါးကြီးဆုတောင်းပြည့် ဘုရားရင်ပြင်ဦးကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ၊ သုဓမ္မမဏိ ဇောတဓရ ဦးစိုးသန်းထွန်း (လူမှုထူးချွန်တတိယ)က ပြိုင်ပွဲပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အကဲဖြတ်အဖွဲ့ ဒုဇင်ချုပ်ဦးသက်တင်(ဆရာမောင်သာတင့်)က ဆုရွေးချယ်ရေးစည်းမျဉ်းများနှင့် ဆုရွေးချယ်ပုံတို့ကိုရှင်းလင်းပြောကြားပြီး အကဲဖြတ်ဒိုင်များအား ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။**(အပေါ်ယာပုံ)**

ထို့နောက် ပထမဆုရသစ္စာဝါဒီဦးမြင့်အောင်၊ ဒုတိယဆုရ သန်းဝင်းထွန်း(ဆွာ)၊ တတိယဆုရ ရွှေတိုင်လွင် (ကြည့်မြင်တိုင်)၊ နှစ်သိမ့်ဆုရ ရင်ငြိမ်းအေး(မေတ္တာမြေ)၊ရွှေဘုတ်(အင်းစိန်)၊ဝင်းဇော်(သုံးဆယ်)တို့အား ဆုများချီးမြှင့်ခဲ့ပြီး ဆုရသူများကိုယ်စား သစ္စာဝါဒီဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧန်နဝါရီ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဧနီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့် အငြိမ်းစားသံအမတ်ကြီးများ၊ ပြည်ပနိုင်ငံများတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ရသံအမတ်ကြီးများ၊ ဝန်ကြီးဌာနရှိ အဆင့်မြင့် အရာရှိကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးနှင့် ဧနီး၊ သံအမတ်ကြီးများနှင့် ဧနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးစီးဌာန အကြီးအကဲများ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ တာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံတော်က အသိအမှတ်ပြုသည့်အတွက် ဂုဏ်ထူးဆောင် ဘွဲ့များကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ တိုင်းကျိုး/ပြည်ကျိုးကို ထူးခြားစွာဆောင်ရွက်သူများကို ချီးမြှင့်ခြင်းဖြစ်သည့် အတွက် ဂုဏ်ယူရသည့်အပြင် ထူးခြားသည့် စိန်ရတုလွတ်လပ်ရေး အခါသမယတွင် ချီးမြှင့်ခံရခြင်းဖြစ်သဖြင့် သံအမတ်ကြီးများ၏ ဘဝအတွက် အမှတ်တရနှင့် ဂုဏ်ယူဖွယ် အသိအမှတ်ပြုခံရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲကျင်းပရခြင်းမှာ အချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိစေရန် အတွေ့အကြုံများ ဖလှယ်နိုင်ရန် စည်းလုံးညီညွတ်ပြီး အထက်အောက် အပြန်အလှန် လေးစားစေရန်နှင့် မိခင်ဝန်ကြီးဌာနနှင့် ပြည်ပရှိ သံရုံးများအကြား လုပ်ငန်းများ ပွင့်လင်းမြင်သာစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ညစာအတူတကွသုံးဆောင်

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများက နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ အကောင်အထည်ဖော်နေမှု၊ လုပ်ငန်းလုပ်ဆောင်မှု၊ ပြည်ပနိုင်ငံများနှင့် ရှိရင်းစွဲဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပမှ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ လက်ခံရယူရေးအတွက် မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ခေတ္တပြန်လည် ရောက်ရှိနေသော သံအမတ်ကြီးများအကြား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံ ပဲတီစိမ်းစိုက် တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဧန်နဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ဧီးကုန်းမြို့နယ်နှင့် သယာဝတီမြို့နယ်တို့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးသည့်တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ဦးစီးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပဲတီစိမ်းစိုက်တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အင၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် မိမိတို့ကျရာ ကဏ္ဍာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်တံရောင်သမဝါယမစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဧီးအုပ်တောင်သူနည်းပညာပြန့်ပွားရေးခန်မသို့ ရောက်ရှိပြီး ပဲတီစိမ်းစိုက် တောင်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၂ သိန်းနှုန်းနှင့် ညီမျှသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တောင်သူလယ်သမားများ၏ ပန်းတိုင်အထွက်နှုန်း တိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားပြီး ကြွေးမြီကင်းရှင်းသော မိသားစုဘဝများ ပိုင်ဆိုင်စေလို၍ ဖြစ်ကြောင်း၊ လာမည့် နွေစပါးစိုက်ရာသီတွင် ၁၂၆၄၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး အားသွန်ခွန်စိုက် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှ ဝယ်ယူတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများဖြစ်သော ပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းအစုအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်မြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧက ၇၂၁ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပဲတီစိမ်းစိုက် တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧီးကုန်းမြို့ မြို့နယ်ခန်းမ၌ ပဲတီစိမ်းစိုက် တောင်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ဧီးကုန်းမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧက ၇၀၀၉ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြရာ (ဝဲပုံ) ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဧီးကုန်းမြို့နယ်အနေဖြင့် နွေစပါး ၄၉၈၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ပဲတီစိမ်းစိုက် တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ပြီး သာယာဝတီမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧက ၁၇၂ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ သာယာဝတီမြို့နယ်အနေဖြင့် နွေစပါး ၂၇၀၈၆ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ဂန္ဓဝင်ပန်းချီဆရာကြီးများ၏ ရှေးခေတ်ဟောင်းလက်ရာမြောက် ပန်းချီကားများ ပြသမည်

ရန်ကုန် ဧန်နဝါရီ ၅

မြန်မာ့ဂန္ဓဝင်ပန်းချီဆရာကြီးများ၏ ရှေးခေတ်ဟောင်းလက်ရာမြောက် ပန်းချီကားများနှင့် နာမည်ကြီးပန်းချီဆရာကြီးများ၏အနုပညာလက်ရာမြောက် ပန်းချီကားများကို ပထမဆုံးအကြိမ် ကျင်းပမည့် Premium Art For Collection Exclusive Artwork Sales အထူးပန်းချီပြပွဲကို ဧန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏ ၂၃ ရပ်ကွက် သစ်ရာပင်လမ်း အမှတ် (၅၀) ရှိ အနော်ရထာပန်းချီပြခန်းကြီး၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံ၏ သက်ကြီးဂန္ဓဝင်ပန်းချီဆရာကြီး တစ်ဦးဖြစ်သူ ဦးစန်းလှိုင် (၁၉၂၃-၂၀၁၅) ရေးဆွဲခဲ့သော ပန်းချီလက်ရာမျိုးစုံကို အနုပညာအမွေအနှစ်ဖြင့်လည်းကောင်း၊ အမြတ်တနိုးအမှတ်တရအဖြစ်လည်းကောင်း ထိန်းသိမ်းပြသသွားနိုင်ရန်နှင့် အခြားပန်းချီဆရာကြီးများ၏ ပန်းချီကားများကို အမြတ်တနိုးထိန်းသိမ်းပြသထားကာ ပန်းချီပညာကို နှစ်သက်မြတ်နိုးတန်းဖိုးထားသူများ ကြည့်ရှုခံစားနိုင်ရန် အမြဲပြသထားရန်စီစဉ်ဆောင်ရွက်ထားသည်။ ယင်းပြပွဲကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အာကာလင်း

မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၇၇) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧနဝါရီ ၅ မြို့နယ်အခွန် ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း၊ အမှတ်စဉ် (၇၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းရိုန်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းအခွန်များ ဦးစီးဌာနသည် နိုင်ငံတော်မှ ကောက်ခံရရှိသော အခွန်အကောက်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ်ကောက်ခံပေးလျက်ရှိကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ အနေဖြင့် သင်တန်းမှ ဆည်းပူးရရှိလာသည်များကို လက်တွေ့ဆောင်ရွက်မှုများဖြင့် ပေါင်းစပ်ပြီး အခွန်ထမ်းပြည်သူများကို စိတ်ရင်းစေတနာမှန်ဖြင့် အဂတိတရားကင်းရှင်းစွာ ဝန်ဆောင်မှုပေးကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝ ရရှိရေး ဆောင်ရွက်ကြရာတွင် အခွန်ထမ်းပြည်သူများက အခွန်ဥပဒေများအရ ပေးဆောင်သင့်သည့်အခွန်ငွေများကို တာဝန်သိစွာ ပေးဆောင်လာစေမည့် အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရန် အသိပညာပေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှု မရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိနိုင်ရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ရှင်းလင်းလွယ်ကူသော အခွန်စနစ်များ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကို ပွင့်လင်းမြင်သာမှုရှိသည့် ခေတ်မီသော အခွန်ဌာနတစ်ခု ဖြစ်လာစေရန် ဦးတည် အကောင်အထည်ဖော်နေသဖြင့် ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် သင်တန်းသား/သင်တန်းသူများ အပါအဝင် အခွန်ဝန်ထမ်းများ အားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပြည်သူများအတွက် ဝန်ဆောင်မှုပေးသည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဂုဏ်ကို ဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

ယခု ဖွင့်လှစ်သောသင်တန်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများကို ကောက်ခံရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာကိစ္စ၊ ဆက်စပ်သည့်ဥပဒေပြဋ္ဌာန်းချက်များ၊ အောင်ဘာလေ သိန်းဆုခွန်နှင့် စပ်လျဉ်းသည့် ညွှန်ကြားလွှာများ၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်းသည့် စီမံရေးရာ၊ ငွေစာရင်းနှင့် အခွန်စာရင်းစစ် ဆေးခြင်းဆိုင်ရာကိစ္စ၊ အခွန်မူဝါဒနှင့် သုတေသနဆိုင်ရာကိစ္စ၊ အခွန်ကောက်ခံမှုဆိုင်ရာသတင်း အချက်အလက်ရှာဖွေစုဆောင်းခြင်းနှင့် နည်းပညာအသုံးပြု အခွန်ကောက်ခံသည့်စနစ်များကို ပို့ချပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သင်တန်းသူများကို ဆုများ ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၇၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မြဝတီမြို့၌ အနုပညာစွမ်းရည်ဖော်ထုတ်ပွဲနှင့် စာပေအားကစားထူးချွန်ဆုချီးမြှင့်

မြဝတီ ဧနဝါရီ ၅ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အနုပညာစွမ်းရည် ဖော်ထုတ်ပွဲနှင့် စာပေအားကစားထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ရှိ ပညာရွှေဖူးကိုယ်ပိုင် မူလတန်းကျောင်း၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သီချင်း သီဆိုဖွင့်လှစ်ခြင်း၊ ကလေးငယ်များမှ ကျောင်းသီချင်းဖြင့် ကြိုဆိုနှုတ်ဆက်ခြင်း၊ ကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စကားဝိုင်း၊ ပုံပြင်၊ သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြဝတီခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကား ပြောကြားခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒီဇင်ဘာလပတ်စာမေးပွဲတွင် ဘာသာစုံအမှတ်ပြည့် (A) အဆင့်ရ ကျောင်းသား ကျောင်းသူများနှင့် အားကစားထူးချွန်ဆုရရှိသောကျောင်းသားကျောင်းသူများ အား မြဝတီခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးအောင်မင်းစိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရွှေဖူးကိုယ်ပိုင်မူလတန်းကျောင်း တည်ထောင်သူ ဦးသန်းရွှေနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများ၏ တေးသီချင်း သီဆိုခြင်း၊ တေးသရုပ်ဖော်ကပြခြင်း၊ ပုံပြင်ပြောခြင်းနှင့် ပြဇာတ်တင်ဆက် ကပြခြင်းများအား ဖျော်ဖြေတင်ဆက်ပြီး အနုပညာစွမ်းရည်ဖော်ထုတ်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ဝါန်းဇွန်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲကျင်းပ

ဝါန်းဇွန် ဧနဝါရီ ၅ မန္တလေးတိုင်းဒေသကြီး ဝါန်းဇွန်မြို့မအားကစားကွင်း၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများ၊ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် ကော်မတီဝင်များက ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ ထုပ်ဆီးတိုး(မ)၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်ဘောလုံး၊ စက်ဘီးအနေးစီး၊ ဆန်ကောရွက်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်နှင့် ကလေးများ အပြေးပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အားကစားအသင်းများနှင့် အားကစားဝါသနာရှင်များအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ဝါန်းဇွန်)

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၌ ဆောင်းရာသီ အားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ကျောက်တော် ဧနဝါရီ ၅ ရခိုင်ပြည်နယ် ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၏ ၂၀၂၂-၂၀၂၃ ခု ပညာသင်နှစ် ဆောင်းရာသီအားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့ စပါးလေ့ကျင့်စိုက်ပျိုးရေးကွင်း ယာယီဘောလုံးကွင်းအတွင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဆောင်းရာသီ အားကစားလ အားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ကျောင်းအုပ် ဆရာကြီး ဦးခင်မောင်သန်းက မိမိတို့ အားကစားသမားများအနေဖြင့် ကျောင်းတွင်းအားကစားပြိုင်ပွဲဖြစ်တာနှင့်အညီ စိတ်ဝမ်းမကွဲဘဲ အားကစား စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင် ကစားသွားသည့် အတွက် အားကစားသမားများကိုယ်စား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောက်လာမည့် ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင်လည်း ယခုလို ယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသမီး အပ်ချည်ထိုးပြိုင်ပွဲ၊ အမျိုးသမီး ဆန်ကောရွက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး လွန်ဆွဲပွဲစသော အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ပြိုင်ပွဲဝင်များအား ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းများအား ဒုတိယကျောင်းအုပ်ဆရာကြီးများကလည်းကောင်း၊ တံခွန်စိုက် ဒိုင်းဆုရရှိသော ဘောလုံးအသင်းအား စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်) ကျောင်းအုပ်ဆရာကြီးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အများအားဖြင့် သာယာမည်

နေပြည်တော် ဧနဝါရီ ၅ – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဧလ**

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



နေပြည်တော် ဧန်နဝါရီ ၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေးဆပ်ကော်မတီတို့ကို ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧန်နဝါရီ ၅

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေးဆပ်ကော်မတီတို့အား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ (၃) နာရီတွင် နေပြည်တော် ဥပွါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းအတွင်းရှိ ပြခန်းများကွပ်ကဲရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ (၇၅) နှစ်မြောက် အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီကို ဂုဏ်ပြုယာဉ် အထူးဆုတံဆိပ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေး ဆပ်ကော်မတီနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီကို ဂုဏ်ပြုဆုတံဆိပ်၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြုဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဂုဏ်ပြုဆုငွေကျပ်သိန်း (၁၀၀)၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြုဂုဏ်ပြုယာဉ် တည်ဆောက်ရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုငွေကျပ် (၂၅) သိန်းတို့ကို ချီးမြှင့်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် (၂၅)သိန်း ချီးမြှင့်ရာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော်က လည်းကောင်း၊ နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုပြခန်းများ အုပ်ချုပ်မှုနှင့် ပြခန်း/ ဂုဏ်ပြုယာဉ်များ နေရာစီစဉ်ချထားရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် နေပြည်တော် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က လည်းကောင်း၊ နေပြည်တော် အထိမ်းအမှတ် ပြခန်းနှင့် ရိုးရာအစားအစာပြခန်းများ စီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် နေပြည်တော်စက်မှုကြီးကြပ် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော် တို့ကလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် တို့ကလည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီအား ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ လုံခြုံရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ ကလည်းကောင်း၊ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအား ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်ကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ဝေါ ဧန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် အရှေ့ဘက်ကမ်းရပ်ကွက်အတွင်းရှိ အောင်ချမ်းသာ (၄) လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဧန်နဝါရီ ၂ ရက်က အဆိုပါလမ်းထိပ်ရှိ ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှူဆောင်အရာရှိ ဦးဝင်းလှိုင်က ကွန်ကရစ်လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင် ဦးကြည်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိတို့က ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အဆိုပါ ကွန်ကရစ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် သိန်း ၇၄၀ ဖြင့် အရှည်ပေ ၂၂၇၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းအား Thun Nay-chi ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

အောင်မြတ်လင်း(ပြန်/ဆက်)

❖ *ကျော်ဖုံးမှ*

ထို့ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အမြဲတမ်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း **(ယာပုံ)** ကို ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ယခင်နည်းပြချုပ်ဟောင်း ဦးတင်မြင့်အောင်သည် ၂၀၂၂ ခုနှစ် မေလကကျင်းပသည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် လမ်းခွဲသွားသဖြင့် ယင်းနောက်ပိုင်းတွင် နည်းပြချုပ် ခန့်အပ်ခြင်းမရှိဘဲ ယခုမှသာ နည်းပြချုပ်သစ်ခန့်အပ်ခြင်းဖြစ်သည်။ ဒေါ်သက်သက်ဝင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း သမိုင်းတစ်လျှောက် ပထမဆုံးခန့်အပ်ခံရသည့် အမျိုးသမီး နည်းပြချုပ်ဖြစ်လာသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ၊ ပါရီအိုလံပစ်အာရှဇုန်ခြေစစ်ပွဲ၊ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲနှင့် အခြား နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ဒီဇင်ဘာတွင် စတင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၃၅ ဦး ရွေးချယ်ထားသည်။

ရဲရင့်လွင်

ဓာတ်ပုံ-သော်လေး

ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧနဝါရီ ၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံ နှစ်နိုင်ငံ ဗုဒ္ဓတက္ကသိုလ်များအကြား ဗုဒ္ဓဘာသာဆိုင်ရာ ကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ လုမ္မိနီ-ဗုဒ္ဓဂယာဘုရားဖူး စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးဆိုင်ရာ အနုပညာ ဖျော်ဖြေရေး အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုအခမ်းအနားကျင်းပ

နေပြည်တော် ဧနဝါရီ ၅

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိခဲ့ခြင်း၏ (၇၅) နှစ်မြောက် စိန်ရတုအထိတိုင် ရှိလာခဲ့သည့် အချိန်အခါသမယကို ထူးခြားလေးနက်စွာ ဂုဏ်ပြုခြင်းဖြစ်၍ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် အမြဲထာဝစဉ် ဂုဏ်ယူနေရမည့် အခမ်းအနားကြီးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုလိုကြီးကျယ်ခမ်းနားသည့် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွဲခဲ့ရသည်ကို မိမိတို့ ဘဝတစ်သက်တာတွင် အမှတ်ရစရာတစ်ခုဖြစ် ကျန်ရစ်နေမည်ဖြစ်ပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်မှ ကော်မတီအရပ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်ကို အဆိုပါကော်မတီအရပ်ရပ်တွင် စနစ်တကျ ထည့်သွင်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ထိုသို့ထည့်သွင်း တာဝန်ပေးအပ်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည့် ကျန်းမာရေးဝန်ထမ်းများ အားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

သို့ဖြစ်၍ ယခုကဲ့သို့ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများကို ယနေ့တွင် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းဟူသည့် မဂ်လာတစ်ပါးနှင့်အညီ အခမ်းအနားဖြင့် မှတ်တမ်းတင် ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍လည်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ကောင်းမွန်သည့် အစဉ်အလာနှင့် ဂုဏ်သိက္ခာကို မြင့်မားသည်ထက် ပိုမို မြင့်မားလာစေရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ယခုကဲ့သို့ စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ယခုကဲ့သို့ကောင်းမွန်သော ဆောင်ရွက်မှုများကို ဖော်ထုတ်၍ ချီးမြှင့်မှတ်တမ်းတင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနတွင် အစဉ်အလာတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဧည့်သည်တော်များကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လက်ထောက်ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၃/ ၂၀၂၂) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧနဝါရီ ၅

လက်ထောက် ညွှန်ကြားရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃ / ၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက လက်ထောက်ညွှန်ကြားရေးမှူးများသည် လုပ်ငန်းဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်လမ်းညွှန်ရသူများဖြစ်ပြီး အရေးပါသည့် ရာထူးတာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်၍ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ သာမက ခေါင်းဆောင်မှုနှင့် ပြုမူပြောဆို ဆက်သွယ်မှုဆိုင်ရာ အရည်အသွေးများ ပြည့်ဝနေရန်လည်း အရေးကြီးပါကြောင်း၊ သို့ပါ၍ ယခုသင်တန်းတွင် ပုံမှန်သင်ကြားပို့ချမှုများအပြင် ဆွေးနွေးတင်ပြမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်များ တိုးတက်မြင့်မားစေရန်၊ အသိပညာများကို မျှဝေဖလှယ်ခြင်း၊ ဆင့်ပွားပို့ချခြင်း စသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ သင်ကြားမှုနည်းလမ်း တစ်ခုဖြစ်သည့် Trainee Oriented Teaching Method ဖြင့် စာတမ်းများ ပြုစုဖတ်ကြားတင်ပြခြင်း အစီအစဉ်အား ထည့်သွင်း၍ ဆောင်ရွက်စေခဲ့ပါကြောင်း၊ Learning is never ending ဆိုသည့်အတိုင်း သင်တန်းမှ ပို့ချမှုများဖြင့် ရပ်တန့်မနေဘဲ ကိုယ်တိုင်လေ့လာ သင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်၍ လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချခြင်းဖြင့် စွမ်းဆောင်ရည်များ တိုးတက်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သင်တန်းသားများအနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် ရုံးစည်းကမ်း၊ ဝန်ထမ်းစည်းကမ်းများကို လေးစားလိုက်နာ၍ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု ပိုမိုမြင့်မားပြီး ရိုးသားဖြောင့်မတ်သော ခံယူချက်ကောင်း၊ စိတ်စေတနာကောင်းများဖြင့် လုပ်ငန်းခွင်တွင် ပျော်ရွှင်အောင်မြင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှစ၍ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းရုံးများမှ သင်တန်းသား စုစုပေါင်း ၉၁ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ၛင်းသည် ပြိုင်ပွဲစုစုပေါင်း ၃၇ ပွဲ ထိုးသတ်ထားရာ ပွဲ ၃၀ နိုင်ပြီး ခုနစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်နှင့် ဂယ်လီဘာတိုဂါ ဗယ်အိုပွဲကို စိန်ခေါ်ပွဲအဖြစ်သာ ကျင်းပသွားမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းပြိုင်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေပြီး ပြိုင်ဘက်ပြောင်းလဲသွားသော်လည်း အနိုင်ရရန်အတွက်သာ ရည်မှန်းပြင်ဆင်နေခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဧနဝါရီ ၁၄ ရက် မြန်မာစံတော်ချိန် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အမိကတွဲဆိုင်းအဖြစ် ကစ်ဘောင်ဆင် ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထိုင်းနိုင်ငံသား ဆူပါဘွန်နှင့် အဇာဘိုင်ဂျန်/ဘီလာရုစ်နိုင်ငံသား အယ်လာဇေ့ဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ- အောင်လအန်ဆန် Facebook

◆ *ရှေ့ဖိုးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ "ဝ" ပြည် သွေးစည်းညီညွတ်ရေး ပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(ND-AA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ၊ ရှမ်းပြည်တိုးတက်ရေး ပါတီ(SS-PP)မှ ဒုတိယဥက္ကဋ္ဌ(၂)စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့ ကိုယ်စား "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယ ဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အကြောင်းအရာ၊ အစီအစဉ်များကို ဦးစွာ နှစ်ဖက်ညှိနှိုင်းပြီး ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲသဘောတူညီချက်များ အရ ယခု တတိယအကြိမ်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ကိစ္စရပ်များနှင့် အဖွဲ့အသီးသီး၏ နိုင်ငံရေးလိုလားချက်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဧန်နဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု

နေပြည်တော် ဧန်နဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် ကျောင်းသားကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ ကြည့်ရှုကြသည်။

လေ့လာကြည့်ရှု

ရှေးဦးစွာ လေ့လာရေးအဖွဲ့သည် နေပြည်တော် ဒကွိုဏ်သီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာ ကြည့်ရှုကြသည်။

ဖူးမြော်ကြည်ညြို

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဥပွါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညြိုကြပြီး (အပေါ်ပုံ) စေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုတို့ကို လေ့လာကြည့်ရှုကြသည်။

သတင်းစဉ်

ရန်ကုန်တိုင်းရှေ့လုပ်ငန်းရှင်များအသင်း ရှေ့ပညာဒါန(အခမဲ့) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ရှေ့လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ (၂၂) ကြိမ်မြောက် ရှေ့ပညာဒါန(အခမဲ့) ရှေ့သင်တန်းအသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီ ၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရှေ့ဘုံသာလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရှေ့လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းဒုဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရှေ့တူးဖော်ခြင်းဘာသာရပ်ကို သင်ကြားပို့ချသည်။

(၂၂) ကြိမ်မြောက် ရှေ့ပညာဒါန (အခမဲ့) ရှေ့သင်တန်းအသိပညာပေး သင်တန်းကို ရှေ့လုပ်ငန်းရှင် သင်တန်းသား ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရှေ့လုပ်ငန်းရှင်များအသင်းသည် ရှေ့ပညာဒါန (အခမဲ့)ရှေ့သင်တန်းအသိပညာပေးသင်တန်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်းသိရသည်။

မျိုးမင်းသူရ

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဧန်နဝါရီ ၅ – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၁) ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ လွိုင်လင်မြို့နှင့် တွန်းဓံမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဧလ

သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက်၌ ကျောင်းစုလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

သာယာဝတီ ဧန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက် ကျောင်းစုလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်က ကွန်ကရစ်လမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင်ကိုကိုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ကျောင်းစုလမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

လွယ်ကူချောမွေ့စေမည်

အဆိုပါ ကျောင်းစုလမ်း ကွန်ကရစ်လမ်းသစ်၏ အရှည်မှာ ၂၁၇၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၁၀၁ ဒသမ ၂ သန်း လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကျောင်းစုလမ်းကို မြို့ပေါ်နေပြည်သူများနှင့် ကျေးလက်နေ ပြည်သူများ စီးပွားရေး၊ လူမှုရေး ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများတွင် အသုံးပြုရာတွင် ပြည်သူများ သွားလာရအဆင်ပြေ လွယ်ကူချောမွေ့စေမည် ဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ဘူးသီးတောင်မြို့နယ် ဂန္ဓမာကျေးရွာ၌ ကျောက်ချောလမ်းသစ်ဖွင့်

ဘူးသီးတောင် ဧန်နဝါရီ ၅

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဘူးသီးတောင်မြို့နယ် ဂန္ဓမာကျေးရွာတွင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်က ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦး၊ ဘူးသီးတောင်တပ်နယ်မှူး ဗိုလ်မှူးကြီး တင်မိုးအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာတွင်း ကျောက်ချောလမ်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ် ၁၆၀ ဖြင့် အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မခင်းခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဒုတိယနေ့ဆက်လက်ခင်းကျင်းပြသ ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၅

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပုဒ်တသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာ ကြည့်ရှုကြသည်။**(ယာဝုံ)**

ဗဟုသုတများ မျှဝေ

ပြခန်းများနှင့်အရောင်းဆိုင်များရှိရာ တပေါင်းကွင်းအတွင်းသို့ လာရောက်ကြသည့် ပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက နွေးထွေးစွာ ကြိုဆိုကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရ ဗဟုသုတများကို အဖွဲ့လိုက် မျှဝေပေးကြသည်။

ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးနှင့် ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များ တွင်လည်း ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ဒေသအလိုက် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဒေသထွက်ကုန်များနှင့် ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ပြပွဲသို့ လာရောက်လေ့လာကြသူများအနေဖြင့် လည်း လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

အထူးပျော်ရွှင်စရာ အစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာသိုင်းအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများ ရှေ့နှင့် ပြခန်းများရှေ့တွင် ကပြဖျော်ဖြေကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ ကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲခြင်း ကြောင့်လည်း အထူးစည်ကားလှသည်။

ကြိတ်ကြိတ်တိုး ဝယ်ယူ

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များကို ပြည်သူများ စိတ်ကြိုက်သုံးဆောင်နိုင်ရန်အတွက်လည်း တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအသောက်များကို စားသုံးနိုင်သည့် အခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစားကြိတ်ကြိတ်တိုး ဝယ်ယူစားသုံးကြသည်။

ထို့ပြင် တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် အထိမ်းအမှတ်ပစ္စည်းများကို ပြည်သူများ အမြတ်တနိုးတန်ဖိုးထား ဝယ်ယူဝတ်ဆင်နိုင်စေရန်အတွက်လည်း ရိုးရာဝတ်စုံများနှင့် အထိမ်းအမှတ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစား တစ်ခဲနက် ဝယ်ယူအားပေးသူများ ဖြင့်လည်း စည်ကားလှသည်။

စိတ်ဝင်စားစွာဖြင့် လေ့လာ

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အထိမ်းအမှတ်ပြခန်းများ တွင်လည်း တန်ခိုးကြီးဘုရားပုံစံငယ်များ၊ ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာဓာတ်ပုံများ၊ ဝတ်စားဆင်ယင်မှုသရုပ်ဖော်ပုံစံများ၊ ဒေသထွက်လူမှုအသုံး အဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ၊ လက်မှုနှင့် စက်မှုပညာပစ္စည်းများ၊ အပန်းဖြေ လည်ပတ်အနားယူနိုင်သည့် အထင်ကရနေရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထင်ရှားကျော်ကြားသူများ၏ ဓာတ်ပုံများ၊ မြတ်နိုးတန်ဖိုးထားထိန်းသိမ်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်များ နှင့် အဆောက်အအုံပုံစံငယ်များကို ခင်းကျင်းပြသ ထားပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု များကို ပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုပြခန်း များကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အထူးစိတ်ဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်း များတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ် များ၊ ပဟေဠိဖြေကြားသည့်အစီအစဉ်များ၊ ကိုယ်တိုင် ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များ နှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများ ကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ပြည်သူများ ပါဝင်ဆင်နွှဲ

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ညဝိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ် တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါဂုဏ်ပြုယာဉ်များနှင့် ပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ ဘေးအန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လုံခြုံရေးစောင့်ရှောက်မှုအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေး ချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်လည်း ဆေးခန်းများ ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြပွဲသို့လာရောက်ကြသည့် ပြည်သူများကို စာပေဗဟုသုတအသိအမြင်များ တိုးပွားလာစေရန်ရည်ရွယ်၍ သုတ၊ ရသဆိုင်ရာ စာအုပ်များကို စာပေဗိမာန်ရွှေ့လျားအရောင်းဆိုင် ဖွင့်လှစ်ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

အခမ့်လာရောက်လေ့လာနိုင်

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာန များအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ဇန်နဝါရီ ၄ ရက်မှစတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ရာ မိဘပြည်သူများ အခမ့်လာရောက်လေ့လာကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်း – မျိုးဆက်သစ်
ဓာတ်ပုံ– ကိုကိုအေး

ဝန်ကြီးဌာနအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကျောင်းသား ကျောင်းသူလေးများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။

နိုင်ငံတော်အစိုးရက စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုးပမ်းအားထုတ်ပြီး ရဟန်းရှင်လူပြည်သူများ ဗဟုသုတရနိုင်အောင် ပြခန်းတွေကို ဖွင့်လှစ်ပြသရခြင်းဖြစ်ပါတယ်

ဦးမြင့်စိုး (နေပြည်တော်ကောင်စီအဖွဲ့ဝင်)

တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်၊ ဓာတ်ပုံ - ကိုကိုအေး

ဦးမြင့်စိုး

ဦးတင်အေး

ဦးဇော်လှိုင်ဝင်း

ဦးဌေးဝင်း

ဒေါ်မိုးမိုးအေး

မောင်ဇော်ဇော်အောင်

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော်ဥပွါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် **ဆက်လက်ခင်းကျင်းပြသလျက်ရှိသည်။**

အဆိုပါပွဲတော်၌ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ခင်းကျင်းပြသထားသည့် ပြခန်းနှင့် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

ဦးမြင့်စိုး(နေပြည်တော်ကောင်စီအဖွဲ့ဝင်)

ကျွန်တော်တို့ အထိမ်းအမှတ်ပြခန်းများ လုပ်ငန်းကော်မတီအနေနဲ့ နေပြည်တော်ကောင်စီက စီစဉ်ရပါတယ်။ ပြပွဲမှာဆိုရင် တိုင်းရင်းသားရိုးရာအစားအစာ ပြခန်း ၁၅ ခန်း၊ ဂုဏ်ပြုယာဉ်ကတော့ စုစုပေါင်း ၄၈ စီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ အထိမ်းအမှတ်ပြခန်း ၁၅ ခန်းနဲ့ ပြည်ထောင်စုဝန်ကြီးဌာန အထိမ်းအမှတ်ပြခန်း ၂၅ ခန်း စုစုပေါင်း ပြခန်း ၄၀ ဖြစ်ပါတယ်။ ပြခန်းတွေ ဆောင်ရွက်တဲ့အခါမှာ နေပြည်တော်ကောင်စီအနေနဲ့ ရေ၊ မီး၊ အုပ်ချုပ်မှုကိစ္စတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးရပါတယ်။ အခုလို ဆောင်ရွက်ပေးတဲ့အတွက် အခုလို စည်စည်ကားကားနဲ့ အများပြည်သူတွေ လာရောက်ကြည့်ရှုနိုင်အောင်၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းတွေမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ကနေ အမှန်တစ်ကယ်ထွက်ရှိတဲ့ အစားအသောက်တွေကို မြည်းစမ်းနိုင်အောင် လာရောက်ရောင်းချရခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ပြီးတော့ ကုမ္ပဏီတွေအနေနဲ့ ပြည်သူလူထုကို စျေးနှုန်းချိုသာတဲ့ ပစ္စည်းတွေကို ရောင်းချချင်တယ်လို့ပြောတဲ့အတွက် အရောင်းဆိုင်ခန်း ခုနစ်ခန်းလည်း ဖွင့်လှစ်ထားပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို စည်ကားသိုက်မြိုက်စေဖို့အတွက် အချိန်ကုန်၊ ငွေကုန်ခံပြီး ကျင်းပဆောင်ရွက်ပေးတဲ့အခါမှာ ကျွန်တော်တို့ကလည်း အများပြည်သူတွေက သိရှိလေ့လာနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ ကျောင်းသားလူငယ်တွေ၊ မိဘပြည်သူတွေ လွယ်ကူအဆင်ပြေစွာ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ဖို့၊ စျေးနှုန်းသက်သာတဲ့ ကုန်ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့နဲ့ တိုင်းဒေသကြီး ပြည်နယ်က ထွက်ကုန်တွေကို လွယ်ကူစွာစားသောက်ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

ပြပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ နိုဝင်ဘာ ၁၅ ရက်နေ့က စပြီး ပြင်ဆင်ရပါတယ်။ အများပြည်သူတွေ လာရောက်တဲ့အခါမှာ အခက်အခဲမရှိအောင် နေပြည်တော်အဆင့် ဌာနဆိုင်ရာတွေ၊ ဝန်ကြီးဌာနအဆင့် ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ဆောင်ရွက်တဲ့ အခါမှာလည်း အခက်အခဲမရှိပါဘူး။ အခက်အခဲမရှိတဲ့အပြင် ဆောင်ရွက်ပေးနေတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ အကြီးအကဲတွေနဲ့ ဆက်နွယ်နေတဲ့ ဝန်ထမ်းတွေဟာ ဝမ်းပန်းတသာ ဂုဏ်ယူဝင့်ကြွားစွာ ဆောင်ရွက်ပေးနေပါတယ်။ ပြခန်းတွေ၊ ရိုးရာအစားအစားသောက်ဆိုင်တွေအပြင် ညနေ ၆ နာရီခွဲကနေ ည ၉ နာရီအထိ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့ရဲ့ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့ ၁၅ ဖွဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဖျော်ဖြေရေးအဖွဲ့၊ အနုပညာဦးစီးဌာနက ဖျော်ဖြေရေးအဖွဲ့တွေကလည်း လာရောက်တဲ့ ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ပြပွဲကိုနံနက် ၉ နာရီကနေ ည ၉ နာရီခွဲအထိ ပြသထားပါတယ်။ အရင်နှစ်ကတော့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ပြုယာဉ်များသာ ပြသနိုင်ပါတယ်။ ဒီနှစ်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရ ၁၅ ဖွဲ့ရဲ့ ရိုးရာအစားအစာတွေကို အခုလို စုံစုံလင်လင် ခမ်းခမ်းနားနားနဲ့ ရောင်းချပြီးတော့ ပြည်သူလူထုကို လာရောက်ပြီး လေ့လာစားသောက်နိုင်အောင်၊ အခြားအစားအသောက်တွေ၊ အဝတ်အထည်တွေကိုလည်း သက်သာတဲ့စျေးနှုန်းနဲ့ ရောင်းချနေပါတယ်။ နိုင်ငံတော်အစိုးရက စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုးပမ်းအားထုတ်ပြီး ရဟန်းရှင်လူပြည်သူများ ဗဟုသုတရနိုင်အောင် ပြခန်းတွေကို ဖွင့်လှစ်ပြသရခြင်းဖြစ်ပါတယ်။ အခုလက်ရှိ ကျောင်းသားလူငယ်များ၊ ဝန်ထမ်းများနဲ့ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာနေကြတာကိုလည်း တွေ့ရှိရတဲ့အတွက်ကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး)

ဂုဏ်ပြုယာဉ်မှာ ပထမဆုံး ဆောင်ရွက်တာကတော့ တိုင်းဒေသကြီးက စိုက်ပျိုးရေး တိုင်းဒေသကြီးဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို အခြေခံပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ စပါးစတင်စိုက်ပျိုးတာကနေ စပြီး တလင်းပျောက်စနစ်နဲ့ ရိတ်သိမ်းတဲ့အထိ ခေတ်မီအောင်လုပ်ထားပါတယ်။ နိုင်ငံခြားကို တင်ပို့နိုင်တဲ့အထိ ဆောင်ရွက်တဲ့ အဆင့် ၄ ဆင့်ကို သရုပ်ပြ ဆောင်ရွက်ပါတယ်။ ဂုဏ်ပြုယာဉ်ကို စတင်ဆောင်ရွက်စဉ်တုန်းက ဆုရရမယ်ဆိုပြီး မရည်ရွယ်ခဲ့ပါဘူး။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း သေချာညွှန်ကြားပါတယ်။ သူရဲ့ညွှန်ကြားချက်တွေနဲ့ အညီ အကောင်အထည်ဖော်လုပ်ဆောင်ရင်း ဂုဏ်ပြုယာဉ်ဟာ ပြည့်စုံမှုဖြစ်သွားတဲ့အတွက် နိုင်ငံတော်ကလည်း ပထမဆုကို ချီးမြှင့်တဲ့အတွက် တိုင်းဒေသကြီး ကိုယ်စား ဂုဏ်ယူဝမ်းသာမိတဲ့အပြင် ဝန်ကြီးချုပ်အတွက်လည်း ဝမ်းသာမိပါတယ်။

အခု ဂုဏ်ပြုယာဉ်မှာ ထည့်သွင်းပြသထားတာကတော့ MSME လုပ်ငန်းတွေဖြစ်တဲ့ နာမည်ကြီး ပုသိမ်ထီးလုပ်ငန်း၊ ချောင်းသာ၊ ငွေဆောင်၊ ငွေသောင်ယံကမ်းခြေကို တော်တော်များများ သိနေတဲ့အတွက် ကမ်းခြေကို လာရောက်အပန်းဖြေရင် ဘယ်လို ပျော်ရွှင်စရာလေး ဖြစ်မယ်ဆိုတာကိုလည်း သရုပ်ဖော်ထားပါတယ်။ ကြိမ်ထည်လက်မှုလုပ်ငန်းကိုလည်း ပြသထားပါတယ်။ ဧရာဝတီတိုင်းရဲ့ သဘာဝအလှတရားနဲ့ လုပ်ငန်းတွေကို ဖော်ပြပြီး တော့ အားလုံးသိအောင် တင်ပြထားပါတယ်။ ဧရာဝတီတိုင်းဂုဏ်ပြုယာဉ်ကို လာရောက်လေ့လာမယ်ဆိုရင်လည်း အားလုံးကို နွေးထွေပျူငှာစွာ ကြိုဆိုလျက်ပါလို့ ပြောချင်ပါတယ်။

ဦးဇော်လှိုင်ဝင်း (ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန)

ကျွန်တော်တို့ပြခန်းမှာဆိုရင် ဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေနဲ့အတူ အခြားအချက်အလက်တွေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြသထားပါတယ်။ ဦးစီးဌာနအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ လမ်း၊ တံတား၊ ကျွန်းမာရေး၊ အိမ်ရာဆောက်လုပ်ရေး၊ ရေရရှိရေး၊ မီးလင်းရေး၊ ဆိုလာနဲ့ ရေတင်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံတွေကို ဝေဝေဆာဆာ ပြသထားပါတယ်။ ပြခန်းမှာ တိုင်းရင်းသားပြည်သူတွေအတွက် အထောက်အကူပြုနိုင်အောင် ဘယ်လောက်ထိ ဆောင်ရွက်ထားတယ်ဆိုတာကို ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုကလစ်များ၊ ပုံစံဝယ်များနဲ့ ပြသထားတဲ့အတွက်ပြပွဲကိုလာရောက်တဲ့မိဘပြည်သူများအနေနဲ့ ဝင်ရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဦးဌေးဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန)

ပြခန်းမှာ ကျွန်တော်တို့ကျောင်းတွေရဲ့ လူငယ်သင်တန်းကျောင်းအဆင့်ဆင့်ကနေ တက္ကသိုလ်၊ ကောလိပ်တက်ရောက်သည်အထိ ပြသထားပါတယ်။ အသက်မွေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ဖွင့်လှစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးတာတွေကို ပြသထားပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ ပညာတတ်မြောက်ရေးကို ပြသထားပါတယ်။ သင်တန်းကျောင်းတွေကနေ ထုတ်လုပ်တဲ့ ပစ္စည်းတွေ၊ ကဏ္ဍအလိုက် သင်ကြားတဲ့ပစ္စည်းတွေကို ခင်းကျင်းပြသထားပါတယ်။

ဒေါ်မိုးမိုးအေး (ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)

တိုင်းရင်းသားရိုးရာ အစားအစာရောင်းချတာနဲ့ ဒေသထွက်ကုန်ပစ္စည်းရောင်းချတဲ့ ပြည်ထောင်စုနယ်မြေဒေသထွက်ပစ္စည်းများ အရောင်းပြခန်းမှာ တာဝန်ယူထားပါတယ်။ နေပြည်တော် ရှစ်မြို့နယ်ကထွက်ရှိတဲ့ မြန်မာ့ရိုးရာအစားအစာတွေနဲ့ ဒေသထွက်ကုန်တွေကို ရောင်းချခြင်းအားဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုက သိသွားတဲ့အပြင် လုပ်ငန်းရှင်များအနေနဲ့လည်း သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ကြော်ငြာပြီးသားဖြစ်သွားတယ်။ နေပြည်တော်မှာ ဒေသထွက်ကုန်တွေဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ထွက်ကုန်တွေကို အဆင့်မြှင့်တင်ပြီး စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေ အများဆုံး တင်ထားပါတယ်။ ပြခန်းကို လာရောက်ဝယ်ယူသူတွေအနေနဲ့ နေပြည်တော်ဒေသက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့ ထွက်ကုန်တွေကို တန်ဖိုးမြှင့်ထွက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနေတာကို သိပြီး သူတို့ဒေသကို ပြန်ရောက်ရင် ဒါကို အတုယူပြီး ပြန်လုပ်လို့ရသွားမယ်။ ဒီပွဲကိုလာရင်းနဲ့ နေပြည်တော်ဒေသမှာ ထွက်ရှိပြီး ကျန်တဲ့ဒေသမှာ မထွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူသုံးဆောင်နိုင်ပါမယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုက ရိုးရာဓလေ့အစားအစာတွေ၊ ယဉ်ကျေးမှုတွေကို လေ့လာနိုင်မယ်။ ဝန်ကြီးဌာနအားလုံးက လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေကိုလည်း သိရမယ်။ ပြည်သူလူထုအတွက် နိုင်ငံတော်က လူမှုစီးပွားဖွံ့ဖြိုးဖို့အတွက် ဘယ်လောက်ထိ အားထည့်ပြီး လုပ်ဆောင်နေတယ်ဆိုတာ ဒီပြပွဲလာတဲ့ ပြည်သူတွေလည်း သိရှိသွားမယ်။ ပြခန်းတွေ၊ ဂုဏ်ပြုယာဉ်တွေကနေ ပြည်သူတွေအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိအောင် အတုယူပြီး ဘယ်လို လုပ်ဆောင်ရမယ်ဆိုတဲ့ အသိပညာဗဟုသုတရရှိသွားမှာပါ။ ကျွန်မတို့ ဦးစီးဌာနအနေနဲ့လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ မျှော်မှန်းပြီး ပညာရေးကို ဆုံးခန်းတိုင်အောင် သင်းကြားနိုင်ခြင်းမရှိတဲ့ လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ဖို့ ဒေသခံတွေရဲ့ တောင်းဆိုချက်အရ သင်တန်းပေါင်း ၃၁ မျိုးကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

မောင်ဇော်ဇော်အောင် (အမှတ် ၆ အခြေခံပညာ အထက်တန်းကျောင်း)

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှာ စာလုံးဖော်သရုပ်ဆောင်တဲ့နေရာကနေ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့ မနက်ပိုင်းမှာ ဥပွါတသန္တိ ဘုရားကို သွားရောက်ဖူးမြော်ပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေတာကို သွားရောက်လေ့လာခဲ့ပါတယ်။ အခုက ဂုဏ်ပြုယာဉ်တွေလေ့လာပြီး ရခိုင်အစားအစာတွေကို ဝယ်စားခဲ့ပါတယ်။ အခုကတော့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းတွေနဲ့ ဝန်ကြီးဌာန ပြခန်းတွေကို လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အထင်ကရနေရာတွေကို ကိုယ်တိုင် ကိုယ်ကျ သွားရောက် လည်ပတ်မယ်ဆို မသွားနိုင်ပါဘူး။ ဒါပေမယ့် ဒီလိုအထင်ကရနေရာတွေကို တစ်နေရာတည်းမှာ အခုလိုမြင်တွေ့ရတော့ အလွန်ပျော်ရွှင်ရပါတယ်။ တိုင်းရင်းသားတွေရဲ့ နေထိုင်စားသောက်မှုပုံစံတွေကို တွေ့ရတော့ ဝမ်းသာပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုယ်စားပြုပြခန်းတွေကို လေ့လာရတော့ သိချင်တာတွေလည်း သိရတယ်။ ဒီပြည်နယ်ကိုသွားရင် ဒီပြည်နယ်မှာ ဘာအစားအသောက်တွေရတယ်။ ဘယ်လိုနေထိုင်ရမယ်ဆိုတာလည်း ကောင်းကောင်းနားလည်သွားတယ်။ ပျော်စရာကောင်းပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ အလှအပတွေနဲ့ အသိပညာ ဗဟုသုတတွေရတဲ့အတွက် ပြပွဲကို လာရောက်လေ့လာ လည်ပတ်ကြည့်ရှုကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

နိုင်ငံ့စီးပွား၊ ဒေသစီးပွား တိုးတက်ရေးအထောက်အကူပြုစေမည့် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း

ဗညားဦး

မြင့်မားလွန်းလှသည့် ပတ်ကျိုင်တောင်ကြောနှင့်အတူ ထူထပ်သိပ်သည်းသည့် မိုးသစ်တောများအတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် လီဒိုလမ်းမကြီးသည် ကမ္ဘာကျော်လမ်းမကြီးတစ်ခုဖြစ်သည်။ လီဒိုလမ်းမကြီးသည် အိန္ဒိယ၊ မြန်မာနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးထားသည့် လမ်းမကြီးတစ်ခုပင်။ ယင်းလမ်းမကြီးသည် လမ်းမိုင်အရှည် ၁၀၇၉ မိုင် ရှည်လျားသည်။ အဆိုပါလမ်းမကြီးသည် အိန္ဒိယနိုင်ငံမှအစပြု၍ မြန်မာနိုင်ငံ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပန်ဆောင်မြို့၊ နန်းယွန်းမြို့နယ်၊ ကချင်ပြည်နယ်အတွင်း ရှင်ဗွေယန်မြို့၊ တနိုင်းမြို့နယ်၊ နမ္မတီးမြို့၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်များကို ဖြတ်သန်းကာ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် ထိစပ်ထားသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း တံတားအမှတ် (၁/၈၇) ပေ ၉၄၀ တနိုင်းတံတား ချဉ်းကပ်လမ်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

ယင်းလမ်းမကြီး၏ အစိတ်အပိုင်းအဖြစ် နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် ပါဝင်နေသည်။ နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ရာတွင် အရေးပါသည့် လမ်းမကြီးဖြစ်သည့်အတွက် ပြည်ထောင်စုလမ်းမကြီး(National Highway NH-49) လမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိသည်။

လမ်းများကို အာဆီယံအဆင့်(၃) ရောက်ရှိရန် ရည်မှန်းအကောင်အထည်ဖော်

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိလမ်းမိုင် ၂၆၆၂၃ မိုင် (၄၂၉၄၀ ကီလိုမီတာ) ကျော်ရှိ လမ်းများကို အာဆီယံအဆင့်(၃) အကျယ် ၁၈ ပေ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တံတားများအားလုံး အကျယ် ၂၄ ပေ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ သံမဏိ သံပေါင်တံတားများ အဆင့်ရောက်ရှိရန် ရည်မှန်းအကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုတစ်ခုအနေဖြင့် နမ္မတီး-တနိုင်း- ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းကို

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိလမ်းမိုင် ၂၆၆၂၃ မိုင် (၄၂၉၄၀ ကီလိုမီတာ) ကျော်ရှိ လမ်းများကို အာဆီယံအဆင့်(၃) အကျယ် ၁၈ ပေ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့် အနည်းဆုံး ရောက်ရှိရန်နှင့် ၂၀၃၀ပြည့်နှစ်တွင် တံတားများအားလုံး အကျယ် ၂၄ ပေ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ သံမဏိသံပေါင်တံတားများ အဆင့်ရောက်ရှိရန် ရည်မှန်းအကောင်အထည်ဖော်နေခြင်းဖြစ်

တနိုင်းခရိုင်နှင့် မိုးညှင်းခရိုင် လမ်းအထူးအဖွဲ့(၁) နှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ကုမ္ပဏီများက တာဝန်ယူကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁)မှ သိရသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း၏ ကချင်ပြည်နယ်အပိုင်းသည် နမ္မတီးမိုင်(၀/၀)မှ တဂတ်ခ (ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးစပ်) မိုင် (၁၄၄/၁) အထိ စုစုပေါင်း ၁၁၄ မိုင် တစ်ဖာလုံ ရှည်လျားသည်။

ကွန်ကရစ်လမ်းမကြီးဖြစ်လာအောင် ဆောင်ရွက်သွားမှာဖြစ်

"၂၀၂၁-၂၀၂၂ မီနီ ဘဏ္ဍာနှစ်ကုန်အထိ ကတော့ ဒီလမ်းဟာ AC လမ်း မိုင် ၂၀၊ ကွန်ကရစ်လမ်း ၁၉ မိုင် နှစ်ဖာလုံ၊ ကတ္တရာလမ်း ရှစ်မိုင် ခြောက်ဖာလုံနဲ့ အမာခံလမ်း ၉၇ မိုင် လေးဖာလုံ တည်ရှိတဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ပြီးတော့ ၅ ဒသမ ၅ မီတာ အကျယ် ကွန်ကရစ်လမ်းမကြီးဖြစ်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် နှစ်အလိုက်ဘဏ္ဍာငွေလျာထားပြီး လုပ်ငန်းတွေကို ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ အခု ကတော့ အမာခံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်တာဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မောင်အုန်းက ပြောကြားသည်။

၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ယင်းလမ်းအဆင့်မြှင့်တင်မှုအနေဖြင့် ကွန်ကရစ်လမ်း လေးမိုင် နှစ်ဖာလုံ၊ ပေ ၅၀ အောက် တံတား ၁၃ စင်း တည်ဆောက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

လမ်းပိုင်းတွေကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်သွားမှာဖြစ်

"အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေနဲ့ ကွန်ကရစ်လမ်း ငါးမိုင် ခုနှစ်ဖာလုံ၊ ပေ ၅၀ အောက် တံတား ၂၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အခုဘဏ္ဍာနှစ်ကုန်ရင် AC လမ်း၊ ကွန်ကရစ်လမ်း စုစုပေါင်း ၅၃ မိုင် ငါးဖာလုံ ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပြီးတော့ ကျန်ရှိတဲ့ အမာခံလမ်းပိုင်းတွေကိုလည်း ကွန်ကရစ်လမ်းတွေအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး (မြို့ပြ)က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အမာခံလမ်းအဖြစ် ကျန်ရှိနေသည့်အပိုင်းများကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်လမ်းများအဖြစ် ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ပြီး လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း (၅/၀)မိုင်၊ လမ်းတာပေါင်တင်ခြင်း (၁/၇)မိုင်၊ ရေထုတ်ပြွန်ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် လုပ်ငန်းများ လျာထားကြောင်း သိရသည်။

စာမျက်နှာ ၁၁ သို့

လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁)မှ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း ကီလိုမီတာ(၃၉.၂၈-၄၃.၅၁) အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Worker Remittance ပမာဏ အများဆုံးရရှိသော ဘဏ်သုံးဘဏ်အား ချီးကျူးဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုပန်းခြင်းများပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဧနှစ်ဝါရီ ၅

ပြည်ပရောက် မြန်မာနိုင်ငံသားများထံမှ လုပ်ခ၊ လစာ ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များသို့ ငွေလွှဲဝင်ရောက်ခဲ့သည့် ပမာဏများ အနက် အများဆုံးငွေလွှဲဝင်ရောက်သည့် CB Bank PCL ၊ ဒုတိယ အများဆုံးဝင်ရောက်သည့်ကမ္ဘောဇ ဘဏ်လီမိတက်နှင့် တတိယ အများဆုံး ဝင်ရောက်သည့် ဧရာဝတီဘဏ်လီမိတက် ဘဏ်

သုံးဘဏ်သို့ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ကြိုးစားရှာဖွေပေးခဲ့သည့် ဘဏ်များအဖြစ် ချီးကျူး ဂုဏ်ပြု မှတ်တမ်းတင်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အဆိုပါဘဏ်များသို့ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဧနှစ်ဝါရီ ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၅ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၁၄၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

ပြည်သူများ၏ အသက်အိုးအိမ်ဆုံးရှုံးမှုမရှိစေရေး နယ်မြေမီးသတ်စခန်းသစ်ကိုးခု တိုးချဲ့ဆောက်လုပ်

မင်းဘူး ဧနှစ်ဝါရီ ၅

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသတွင်းမီးလောင်မှုအကြိမ်ရေ လျော့နည်းကျဆင်းစေရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းကျဆင်းစေရေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း နယ်မြေမီးသတ်စခန်းသစ်ကိုးခုကို တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

ထိုသို့ဆောက်လုပ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် မကွေးမြို့နယ် မကွေးနယ်မြေ မီးသတ်စခန်း၊ ကံပြားနယ်မြေ မီးသတ်စခန်း၊ မြင်ကွန်းနယ်မြေ မီးသတ်စခန်း၊ မင်းဘူး(စကု)မြို့နယ် ကျောက်စံနယ်မြေမီးသတ်စခန်း၊ ပခုက္ကူမြို့နယ် အရာတော်နယ်မြေမီးသတ်စခန်း၊ အောင်လံမြို့နယ် မိုးကောင်းနယ်မြေ မီးသတ်စခန်း၊ မြို့လှနယ်မြေ မီးသတ်စခန်း၊ မင်းလှမြို့နယ် ရှမ်းတပ်နယ်မြေ မီးသတ်စခန်းနှင့် စလင်းမြို့နယ် သရက်တောနယ်မြေ မီးသတ်စခန်း စုစုပေါင်း နယ်မြေမီးသတ်စခန်းသစ်ကိုးခုကို တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၊ မြို့နယ် ၂၅ မြို့နယ်တွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး တစ်ရုံးအပါအဝင် ခရိုင်မီးသတ်ဦးစီးမှူးရုံး ခုနစ်ရုံး၊ ခရိုင်မီးသတ်စခန်းခုနစ်ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၂၅ ရုံး၊ မြို့နယ်မီးသတ်စခန်း ၂၅ ခုနှင့် နယ်မြေမီးသတ်စခန်း ၆၉ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

စာမျက်နှာ ၁၀ မှ

“ နမ္မတီး - တနိုင်း - ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကျေးငှက်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒေသထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်မည် ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံနယ်စပ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့ကို ဖြတ်သန်း၍ ကံပိုက်တီ၊ လွယ်ဂျယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေပြီး နိုင်ငံ့စီးပွား၊ ဒေသစီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ် ”

နမ္မတီး - တနိုင်း - ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းဖြင့် ကျေးငှက်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ပိုမိုကောင်းမွန်စွာ ချိတ်ဆက်ပေးနိုင်

နမ္မတီး – တနိုင်း – ပန်ဆောင်လမ်း၏ နမ္မတီးမြို့အပိုင်းတွင် နမ္မတီးမြို့မှ လဝါးကျေးရွာ အထိ (၂၀/၀) မိုင်မှာ ကတ္တရာကွန်ကရစ် AC လမ်း ၈ ဒသမ ၅ မီတာ အကျယ်ဖြစ်ပြီး လဝါးကျေးရွာမှ ဆက်၍ ၅ ဒသမ ၅ မီတာအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူ လျင်မြန်လာမည်ဖြစ်

ထို့အတူ တနိုင်းမြို့အပိုင်းတွင်လည်း တနိုင်းမှ နမ္မတီးမြို့ဘက်သို့ ၅ ဒသမ ၅ မီတာအကျယ် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများပြီးစီးသွားပါက တနိုင်းခရိုင်နှင့် မြစ်ကြီးနားခရိုင် တို့သည် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူ လျင်မြန်လာမည်ဖြစ်သည်။

လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့်အတူ တံတားများ အဆင့်မြှင့်တင်ခြင်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နမ္မတီး–တနိုင်း–ပန်ဆောင်လမ်းပေါ် တနိုင်းမြို့မှ တနိုင်းတံတားအရှည် ပေ ၉၄၀ နှင့် ဝါရဖွပ် တံတား ပေ ၅၀၀ တို့သည် မူလက ဘေလီသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အကျယ် ၁၃ ပေ ခြောက်လက်မသာ ရှိသဖြင့် မော်တော်ယာဉ်များသွားလာရာတွင် တစ်စီးပြီးမှတစ်စီး စောင့်ဆိုင်းသွားခဲ့ရသည့် အခြေအနေ တည်ရှိခဲ့သည်။

အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်

ထိုအခြေအနေကို ကျော်လွန်ပြီး ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ၂၄ ပေ အကျယ် တန် ၆၀ ခံနိုင်ဝန် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အဖြစ် လမ်းနှင့်အတူ အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ စောင့်ဆိုင်းနေစရာမလိုဘဲ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခဲ့ပြီဖြစ်သည်။

“တနိုင်း တံတားကိုတော့ ပြည်သူတွေအတွက် အဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ တံတားရဲ့ ကွေ့ကောက်နေတဲ့ ချဉ်းကပ်လမ်းကို မြေသားတာပေါင်တင်ပြီးတော့ ဖြောင့်တန်းအောင် ဆောင်ရွက်တဲ့လုပ်ငန်းတွေကိုလည်း တံတားအဆင့်မြှင့်တင်တာနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ တံတားပေါ် ကတ္တရာခင်းတဲ့လုပ်ငန်းလည်း ဆောင်ရွက်ပြီးပါပြီ။ ကျန်ရှိတာကတော့ ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းတာပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်းခင်းမှာ ဖြစ်ပါတယ်” တနိုင်းခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်စိုးက ပြောသည်။

ထို့အတူ မန်ပန်တံတား အရှည်ပေ ၁၈၀ ကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်

ဆက်လက်၍ နမ္မတီး – တနိုင်း – ပန်ဆောင်လမ်းပေါ်မှ အရှည် ပေ ၂၂၀ ရှိသည့် တံဆိတ်တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နမ္မတီး – တနိုင်း – ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒေသထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်မည် ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံ နယ်စပ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့ကို ဖြတ်သန်း၍ ကံပိုက်တီ၊ လွယ်ဂျယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေပြီး နိုင်ငံ့စီးပွား၊ ဒေသစီးပွား တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံရသူ ၆၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

ညောင်ဦး ဧန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ၂၀၂၃ ခုနှစ် ဧန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမိန့်အမှတ် (၁/၂၀၂၃) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ညောင်ဦးမြို့အမှတ်(၃)ရပ်ကွက်ရှိ ညောင်ဦးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၆၃ ဦးတို့အား လွတ်ငြိမ်းခွင့်ပေးပွဲ အခမ်းအနားကို ညောင်ဦးအကျဉ်းထောင်ဝင်းရှိ ရိပ်သာ၌ ဧန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ညောင်ဦးအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးဝင်းဇော်မင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အား ဖတ်ကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးတိုးလွင်၊ ခရိုင်စီမံအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ခရိုင် ဒုရဲမှူးကြီး မြအောင်တို့က လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများကို ဆုံးမသြဝါဒစကားပြောကြားပြီး ထောင်တာဝန်ခံအရာရှိက လွတ်မြောက်ခွင့်ရရှိသူများကို ခရီးစဉ်စရိတ်ငွေ၊ ခံစားခွင့်တို့ကို ထုတ်ပေးခဲ့ရာ လွတ်မြောက်ခွင့်ရအကျဉ်းသားများက လက်ခံရယူသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသူများကို ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ကစတင်ကာ အကျဉ်းသား ၅၇ ဦး၊ အကျဉ်းသူ ခြောက်ဦး စုစုပေါင်း ၆၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းချက်များဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း ညောင်ဦးအကျဉ်းဦးစီးဌာနမှ သိရသည်။

ကိုကြေးမုံ

ဟသ်ာတအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၂၀ အား လွတ်ငြိမ်းခွင့်ပြု

ဟသ်ာတ ဧန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၂၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းကို ဧန်နဝါရီ ၄ ရက်က ဟသ်ာတအကျဉ်းထောင်တာဝန်ခံအရာရှိရုံး၌ ကျင်းပသည်။

အဆိုပါ လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်းနှင့် အကျဉ်းထောင်တာဝန်ခံ ဦးဌေးအောင်တို့က ဆုံးမစကားပြောကြားပြီး ခရီးစရိတ်နှင့် စားစရိတ်များကို ထောက်ပံ့ပေးအပ်သည်။

ဟသ်ာတအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရသူများအနက် ပုဒ်မ (၅၀၅)နှင့် အခြားအမှု အကျဉ်းသား ၁၀၃ ဦး၊ အကျဉ်းသူ ၁၇ ဦး စုစုပေါင်း ၁၂၀ တို့ကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။ **စန္ဒာခင်(ပြန်/ဆက်)**

သီပေါအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦးအား လွတ်ငြိမ်းခွင့်ပြု

သီပေါ ဧန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယမန်နေ့က သီပေါမြို့အကျဉ်းဦးစီးဌာနရိပ်သာ၌ ကျင်းပသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသားများကို ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ထွန်းသူ၊ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်မြတ်၊ သီပေါအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးစိုးသီဟတို့က မိမိနေရပ်အသီးသီးသို့ ကောင်းမွန်စွာ သွားရောက်ကြရန်နှင့် နေရပ်သို့ရောက်ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ စီစဉ်မှုအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန် ဆုံးမသြဝါဒစကားပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် သီပေါအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦးအား လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်များထောက်ပံ့ကာ သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက်မည့် ကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကချင်ပြည်နယ် အကျဉ်းဦးစီးဌာနမှ အကျဉ်းသား အကျဉ်းသူ ၂၃၂ ဦးအား လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧန်နဝါရီ ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဧန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရေးရှုသောအားဖြင့် လည်းကောင်း၊ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား

အကျဉ်းသူ ၇၀၁၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်း သတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ ကချင်ပြည်နယ် အကျဉ်းဦးစီးဌာန၊ ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးမှ အကျဉ်းသား ၂၀၉ ဦး၊ အကျဉ်းသူ ၂၃ ဦး စုစုပေါင်း ၂၃၂ ဦးတို့အား သက်ဆိုင်ရာ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီး၌ ဧန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆုံးမသြဝါဒစကား ပြောကြားကာ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်၍ လွတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုံရွာမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူ ၇၄ ဦး လွတ်ငြိမ်းခွင့်ရရှိ

မုံရွာ ဧန်နဝါရီ ၅

၂၀၂၃ ခုနှစ် ဧန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်း ပြစ်ဒဏ်ကျခံနေရသူများကို နိုင်ငံတော်က လွတ်ငြိမ်းခွင့်များ ခွင့်ပြုပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများအနက်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၄ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများအား မုံရွာအကျဉ်းထောင်တွင် ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ လွတ်ငြိမ်းခွင့် အခမ်းအနားကို ဧန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါအကျဉ်းထောင် အစည်းအဝေးခန်းမ၌ကျင်းပပြီး အခမ်းအနားသို့ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ကြီးသောင်းညွှန့်၊ မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဒုတိယရဲမှူးကြီး သောင်းညွှန့်၊ မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်နှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမစကားများ ပြောကြားကာ ထောင်ထွက်လက်မှတ်များ၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ဧန်နဝါရီ ၄ ရက်တွင် လွတ်ငြိမ်းခွင့် ရသူ အမျိုးသား ၆၄ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၇၄ ဦးဖြစ်ကြောင်း သိရပြီး ပုဒ်မ ၅၀၅ - က နှင့် အခြားပြစ်ဒဏ်ကျခံနေရသူ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၁ဦး စုစုပေါင်း ၃၄ ဦး၊ ရိုးရိုးပြစ်ဒဏ်ကျခံနေရသူ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၁၁ဦး စုစုပေါင်း ၄၆ တို့ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၄၅၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

တောင်ကြီး ဧန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ၂၀၂၃ ခုနှစ် ဧန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမိန့်အမှတ် (၁/၂၀၂၃) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၄၅၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား၊အကျဉ်းသူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားအသီးသီးပြောကြားပြီး စားစရိတ်၊ ခရီးစရိတ်တို့အား ပေးအပ်၍ စနစ်တကျ အကျဉ်းထောင်မှ လွတ်ပေးခဲ့ကြောင်းသိရသည်။

ထို့သို့ လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၁၉၄ ဦး၊ ကျိုင်းတုံ အကျဉ်းထောင်မှ ၅၉ ဦး၊ လားရှိုးအကျဉ်းထောင်မှ ၉၅ ဦး အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၄၅၈ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

စီးပွားရေးမသေချာမှုများကြောင့် အမေဇုန်ကုမ္ပဏီမှ ဝန်ထမ်းအင်အား ၁၈၀၀၀ လျှော့ချသွားမည်

နယူးယောက် ဧန်နဝါရီ ၅

အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် အမေဇုန်ကုမ္ပဏီသည် ဝန်ထမ်းအင်အား ၁၈၀၀၀ ကျော်ကို လျှော့ချသွားရန် စီစဉ်ထားကြောင်း ပြောသည်။ ယင်းပမာဏသည် ယခင် လျှော့ချရန် သတ်မှတ်ထားသည့်ပမာဏထက် ကျော်လွန်ကြောင်း သိရသည်။ အမေဇုန်ကုမ္ပဏီသည် ဝန်ထမ်းအင်အား ၁၀၀၀၀ ခန့်ကို လျှော့ချသွားမည်ဟု နိုဝင်ဘာလ အတွင်းက မီဒီယာတွင် ဖော်ပြကြသည်။ ဝန်ထမ်းအင်အား လျှော့ချမည့်အစီအစဉ်ကို ကုမ္ပဏီမှ ပြန်လည်သုံးသပ်ခဲ့ကြောင်း အမေဇုန်မှ စီအီးအို အန်ဒီဂျက်စီက ပြောသည်။ စီးပွားရေးတွင် မသေချာမှုများကြောင့် ယခုနှစ်တွင် ဝန်ထမ်းအင်အား သုံးသပ်ရာ၌ ခက်ခဲခဲ့ကြောင်း ၎င်းကပြောသည်။ ခက်ခဲသည့်ဆုံးဖြတ်ချက်ဖြစ်သော်လည်း ဝန်ထမ်းအင်အား ၁၈၀၀၀ လျှော့ချရန် စီစဉ်ထားကြောင်း ဂျက်စီက ပြောသည်။ ယင်းဆုံးဖြတ်ချက်ကြောင့် ကုမ္ပဏီကို ပိုမိုကျစ်လျစ်သည့် ကုန်ကျစရိတ်တည်ဆောက်ပုံနှင့် ခိုင်မာသည့် ရေရှည်အခွင့်အလမ်းကောင်းများကို ရရှိမည်ဟု ၎င်းကဆက်ပြောသည်။ အမေရိကန်နည်းပညာလုပ်ငန်းလောကတွင် အလုပ်အကိုင်လျှော့ချမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်နေရာ အမေဇုန်၏ကြေညာမှုမှာ နောက်ဆုံး ထွက်ပေါ်လာသည့် အလုပ်အကိုင်လျှော့ချမှု ကြေညာချက်လည်းဖြစ်သည်။

အင်နန်အိတ်ချ်ကေ

အမေဇုန်အမှုဆောင်အရာရှိချုပ် (စီအီးအို) အန်ဒီဂျက်စီ။

သီရိလင်္ကာနိုင်ငံ၌ ငါးနှစ်အောက်ကလေးငယ်များ အာဟာရချို့တဲ့မှု များပြားလာဟုဆို

ကိုလံဘို ဧန်နဝါရီ ၅

သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်နှစ်တာအတွင်း ငါးနှစ်အောက်ကလေး အာဟာရချို့တဲ့မှုများပြားလာပြီး ယင်းပြဿနာကိုဖြေရှင်းရန် ဆောင်ရွက်နေသည်ဟု ကျန်းမာရေးဝန်ကြီး ခါဟဲလီယာ ရမ်ဘာ့ဝဲလ်လာက ဧန်နဝါရီ ၅ ရက်တွင် ပြောသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် အာဟာရချို့တဲ့မှု အရေအတွက်မှာ ပိုမိုများပြားလာပြီး အစားအသောက်ဈေးနှုန်းများကို အဆင်အခြင်မဲ့ မြှင့်တင်ခြင်းကြောင့်လည်း အာဟာရချို့တဲ့ရခြင်း၏ အဓိကအချက်ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးက ပါလီမန်တွင် ပြောသည်။ နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကာလတွင် ပြည်သူများ၏ ဝယ်လိုအားကျဆင်းလာခြင်းကြောင့်လည်း ကလေးငယ်များတွင် အာဟာရချို့တဲ့မှုပြဿနာများ ဖြစ်လာရသည့် နောက်ထပ်အကြောင်းရင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ အစီရင်ခံစာအရ သီရိလင်္ကာနိုင်ငံသည် စီးပွားရေးအကျပ်အတည်းအတွင်း ကျရောက်နေပြီး ယင်းဖြစ်စဉ်မှာ ၂၀၂၃ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားနေဦးမည် ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၆ ဒသမ ၂ သန်းနှင့် ကလေးငယ်ပေါင်း ၂ ဒသမ ၉ သန်းမှာ ယခုနှစ်အတွက် အကူအညီ အထောက်အပံ့များ လိုအပ်နေသည်ဟု ဖော်ပြထားသည်။

ဆင်ဟွာ

သီရိလင်္ကာနိုင်ငံရှိ လမ်းပျော်ကလေးများကို တွေ့ရစဉ်။

တူကီယဲနိုင်ငံ(ယခင်တူရကီ)၌ အစိုးရဝန်ထမ်းလစာများနှင့် ပင်စင်လစာများ တိုးမြှင့်ပေးတော့မည်

အင်ကာရာ ဧန်နဝါရီ ၅

လူနေမှုစရိတ်စက ကြီးမြင့်လာခြင်းကို လျော့နည်းသက်သာစေရန် တူကီယဲသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်သည် အစိုးရဝန်ထမ်းလစာများနှင့် ပင်စင်လစာများကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ဧန်နဝါရီ ၃ ရက်က ကြေညာခဲ့သည်။

လုပ်ခလစာနှင့် ပင်စင်လစာများကို နှစ်ကုန် ငွေကြေးဖောင်းပွမှုနှုန်းနှင့်အညီ တိုးမြှင့်ပေးခဲ့ကြောင်း အာဒိုဂန်က ပြောသည်။ ယခု ၂၀၂၃ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားသည်။

တူကီယဲနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၈၅ ဒသမ ၅ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်။

တူကီယဲအစိုးရသည် အလယ်အလတ် လုပ်ခလစာများကို တိုးမြှင့်ခဲ့ပြီး တူကီယဲအလုပ်သမား နှစ်သန်းကျော်ကို ချက်ချင်း အငြိမ်းစားယူခွင့်ပြုမည့် အငြိမ်းစား အသက်အရွယ် သတ်မှတ်ချက်ကို ပယ်ဖျက်ခဲ့သည်။

သမ္မတ အာဒိုဂန်သည် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ခြောက်လအလိုတွင် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသတစ်ခုလုံး အအေးလှိုင်းကျရောက် မြူများသိပ်သည်းစွာကျ၍ ရထားများသွားလာရေး နှောင့်နှေး

နယူးဒေလီ ဧန်နဝါရီ ၅

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသ တစ်ခုလုံးကိုအအေးလှိုင်းကျရောက်လျက်ရှိကြောင်း အာဏာပိုင်များက ဧန်နဝါရီ ၄ ရက်တွင် ပြောသည်။ လာမည့်လေးရက်မှငါးရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းဒေသ တစ်ခုလုံးတွင် မြူနှင်းများ ထူထပ်သထက် ထူထပ်စွာ ကျဆင်းမည်ဖြစ်ကာ ဆက်လက်အေးနေမည်ဟု အိန္ဒိယမိုးလေဝသဌာန၏ ပြောကြားချက်အရ သိရသည်။ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းနှင့် မဒရာပရာဒေ့ရှ်တို့တွင် အနိမ့်ဆုံး အပူချိန်မှာ ၆ ဒီဂရီဆဲလ်စီးရပ်စ်ဟု သိရသည်။

ထိုစဉ် အိန္ဒိယနိုင်ငံမြို့တော် ဒေလီဝန်းကျင်၌ အနိမ့်ဆုံး အပူချိန်မှာ ဧန်နဝါရီ ၄ ရက် နံနက်တွင် ၄ ဒသမ ၄ ဒီဂရီ ဆဲလ်စီးရပ်စ်ရှိသည်။ မြို့တော်တွင် မြူများသိပ်သည်းစွာ ကျဆင်းမှုကြောင့် လမ်းနှင့် ရထားလမ်းများတွင် သွားလာရာ၌ အနှောင့်အယှက် အဟန့်အတား ဖြစ်နေရသည်။

နယူးဒေလီမြို့၌ ဧန်နဝါရီ ၂ ရက်နံနက်က စျေးအတွင်း မီးလှုံနေကြသူများကို တွေ့ရစဉ်။

မြို့တော်တွင် တစ်နေရာမှ တစ်နေရာသို့ မြင်နိုင်စွမ်းအားမှာ မီတာ ၂၀၀ အကွာသာ ရှိသည်။ ဒေလီမြို့၌ပြေးဆွဲနေသည့် ရထား ၁၉ စင်းမှာ မြူခိုးများသိပ်သည်းစွာ ကျဆင်းနေသည့် အခြေအနေကြောင့် တစ်နာရီခွဲခန့်မှ လေးနာရီခွဲအချိန်ထိ ခရီးနှောင့်နှေးခဲ့ရကြောင်း မီးရထားအာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ ၄ာက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ပြီးခဲ့သည့်နှစ်တွင် ခြောက်ရာခိုင်နှုန်းကျဆင်း

ဖနောင်ပင် ဧန်နဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံ၌ ၄ာက်ဖျားရောဂါဖြစ်ပွားမှုမှာ ၂၀၂၂ ခုနှစ်တွင် ၄၀၄၂ ဦးရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၄၃၁၈ ဦးရှိခဲ့ရာ ရောဂါဖြစ်ပွားမှုနှုန်း ခြောက်ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ကျန်းမာရေးအရာရှိတစ်ဦးက ဧန်နဝါရီ ၄ ရက်တွင် ပြောသည်။

ရောဂါဖြစ်ပွားသူများရှိသော်လည်း ၄ာက်ဖျားကြောင့် သေဆုံးသူ မရှိဟု အမျိုးသား၄ာက်ဖျားရောဂါ ထိန်းချုပ်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဟေရက်ခိုက ပြောသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ၄ာက်ဖျားရောဂါကြောင့် လူသေဆုံးမှုမရှိတော့သည်မှာ ၂၀၁၈ ခုနှစ်ကတည်းကဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

ပစ်မှတ်ထားသည့်ကာလထက် သုံးနှစ်စောကာ ၄ာက်ဖျားရောဂါကြောင့် လူသေဆုံးမှုမရှိစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၄ာက်ဖျားရောဂါဖြစ်ပွားမှုနှုန်း တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသည့်အတွက် ၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ၄ာက်ဖျားရောဂါ ပပျောက်အောင်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထားကြောင်းလည်း ၎င်းကပြောသည်။

၄ာက်ဖျားရောဂါသည် ခြင်မှတစ်ဆင့်ကူးစက်သည့် ရောဂါဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၌ မိုးရာသီတွင် အဖြစ်များပြီး တောတောင်ထူထပ်သည့် ဒေသများတွင် အများဆုံးဖြစ်ပွားသည်။

ဆင်ဟွာ

တရုတ်ခရီးသွားတွေ ပြန်ဝင်ဖို့ ခန့်မှန်းချက်နဲ့အတူ မျှော်လင့်ချက်ရောင်ခြည်လင်းလာတဲ့ ထိုင်းနိုင်ငံရဲ့ ခရီးသွားကဏ္ဍ

လင်းဟန်သစ်

ရာသီဥတုအေးမြပြီး ခရီးသွားခေါင်းလောင်းသံများ တသောသောညံနေသော်လည်း ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်နဲ့ သုံးနာရီကြာကွာဝေးတဲ့ အပန်းဖြေနေရာတစ်ခုဖြစ်တဲ့ ဂျင်သွမ်ဆင်အပန်းဖြေစခန်းမှာတော့ နိုင်ငံခြားခရီးသွားတွေ နည်းပါးလျက်ရှိပါတယ်။

ခရီးသွားတွေကို ဆွဲဆောင်နေတဲ့ ထိုင်းနိုင်ငံရဲ့အထင်ကရ နေရာတစ်ခုဖြစ်တဲ့ Grand Palace ကို အမှတ်တရ ဓာတ်ပုံရိုက်ယူနေတဲ့ ခရီးသွားတစ်ဦးကို တွေ့ရစဉ်။

သိုဂုဏ်ထားတဲ့ ရတနာသိုက်အဖြစ် ဆက်လက်နုပျိုနေဆဲ

၂၀၂၂ ခုနှစ်မှာ ခြောက်ကြိမ်သာဖွင့်လှစ်ခဲ့တဲ့ အဲဒီ အပန်းဖြေလယ်တောဟာ သူ့ရဲ့ရင်သပ်ရှုမော ဖွယ်ပန်းခင်းကြီးနဲ့သာမက ဒေသရဲ့ယဉ်ကျေးမှုတွေနဲ့ပါ ခရီးသွားတွေကို ဆွဲဆောင်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့နှစ် ဇူလိုင်လကတည်းက နိုင်ငံတကာခရီးသွားတွေအတွက် ဖွင့်လှစ်ပေးခဲ့သော်လည်း အခုချိန်ထိ အဲဒီအပန်းဖြေလယ်တောဟာ နိုင်ငံခြားခရီးသွားတွေအတွက် သိုဂုဏ်ထားတဲ့ ရတနာသိုက်တစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေဆဲ နုပျိုနေဆဲဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ခရီးသွားတွေဟာ အရင်ကထက်တောင် ပိုလို့နည်းသွားပါပြီ။ မကြာခင်အနာဂတ်ကာလမှာ ပြန်လည်ဝင်ရောက်လာမယ့် တရုတ်ခရီးသွားတွေအကြောင်းကြားရတာ စိတ်လှုပ်ရှားမိပါတယ်လို့ အပန်းဖြေလယ်တောမှာ ကော်ဖီရောင်းတဲ့ ဈေးသည်တစ်ဦးဖြစ်သူ နွဲ့ဂ်က ပြောပါတယ်။ သုံးနှစ်နီးပါး တရုတ်ခရီးသွားတွေမလာရောက်ခဲ့တဲ့ နောက်ပိုင်း တစ်စုံတစ်ယောက်ကပြောလိုက်တဲ့ တရုတ်စကားပြောသံကြားလိုက်ရတယ်ဆိုရင်ပဲ အရမ်းကို စိတ်လှုပ်ရှားရပါတယ်လို့ သူက ဆက်ပြောပါတယ်။

တရုတ်ခရီးသွားတွေဖြစ်

၂၀၁၉ခုနှစ်မှာ ထိုင်းနိုင်ငံကိုလာရောက်တဲ့ခရီးသွား သန်း ၄၀ နီးပါးရဲ့ သုံးပုံတစ်ပုံဟာ တရုတ်ခရီးသွားတွေပဲဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ ခရီးသွားကဏ္ဍက ဧန်နဝါရီ ၈ ရက်ကစပြီး ခရီးသွားတွေအတွက် သွားလာကန့်သတ်မှုကို ဖယ်ရှားမယ်ဆိုတဲ့ တရုတ်အစိုးရရဲ့ ကြေညာချက်ကို ချီးကျူးခဲ့ပါတယ်။

တရုတ်ခရီးသွားတွေပြန်လာမယ်ဆိုတဲ့ ပျော်ရွှင်စရာ ခရီးသွားရာသီစိတ်ခံစားချက်က ခရီးသွားကဏ္ဍကို အားထားမှီခိုနေရတဲ့ ထိုင်းနိုင်ငံအတွက် ဝမ်းသာစရာပါပဲ။ ထိုင်းနိုင်ငံရဲ့ ခရီးသွားနေရာ အများစုဟာ တရုတ်သင်္ကေတတွေ၊ အထိမ်းအမှတ်တွေနဲ့ ပြည့်နေပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်ရဲ့ အရှေ့မြောက်ကီလိုမီတာ ၂၇၀ အကွာမှာရှိတဲ့ သမိုင်းဝင်ပန်းခြံထဲမှာဆိုရင် အင်္ဂလိပ်နဲ့ တရုတ်လိုရေးထားတဲ့ သင်္ကေတအမှတ်လက္ခဏာတွေရှိပါတယ်။ သီချင်းနားထောင်ဖို့ ကျူးအာရ်ကုတ်တွေကိုလည်း ပန်းခြံရဲ့ ကျောက်တုံးတိုင်းလိုလိုမှာ တွေ့ရပါတယ်။

အကောင်းဆုံးပြင်ဆင်ထားရမယ်

ဖီလ်မိုင်သမိုင်းဝင်ပန်းခြံဟာ ထိုင်းနိုင်ငံရဲ့ ခမာဘုရားကျောင်းအချို့ကို အကောင်းဆုံး ထိန်းသိမ်းထားတဲ့ နေရာတစ်ခုအဖြစ် ထူးခြားထင်ရှားလှပါတယ်။

တရုတ်ခရီးသွားတွေအတွက် လာရောက်လည်ပတ်မှုနည်းတဲ့ နေရာတစ်ခုဖြစ်သော်လည်း ကြွယ်ဝလှတဲ့ယဉ်ကျေးမှုကို နှစ်သက်မြတ်နိုးတဲ့ ခရီးသွားအဖွဲ့ငယ်လေးတွေလည်း ရှိမှာဖြစ်ပါတယ်။ မိမိတို့အနေနဲ့ အကောင်းဆုံးလုပ်နိုင်တာကတော့ တရုတ်ခရီးသွားတွေပြန်လာဖို့ကို အကောင်းဆုံးပြင်ဆင်ထားရမှာပဲ ဖြစ်ပါတယ်လို့ အဲဒီပန်းခြံရဲ့ ဧည့်လမ်းညွှန်တစ်ယောက်ဖြစ်တဲ့ ဖွန်က ပြောပါတယ်။ တရုတ်နယ်စပ်တွေကို ပြန်လည်ဖွင့်လှစ်လိုက်တဲ့အတွက် ထိုင်းနိုင်ငံရဲ့ ခရီးသွားအဖွဲ့က ထိုင်းခရီးသွား သုံးသိန်းလောက် ဒီနှစ်ရဲ့ ပထမသုံးလပတ်မှာ လာရောက်မယ်လို့ မျှော်လင့်ထားပါတယ်။

တရုတ်ခရီးသွား ပထမအသုတ်ဟာ ဧန်နဝါရီ လလယ်လောက်မှာ ရောက်မယ်လို့ မျှော်လင့်ထားပါတယ်။ ဟိုတယ်ဝန်ထမ်း၊ ယာဉ်မောင်းနဲ့ တရုတ်စကားပြော ဧည့်လမ်းညွှန်တွေအပါအဝင် အလုပ်သမားပြတ်လပ်လာနိုင်မှုအပေါ် မိမိတို့တွေသဘောပေါက်နားလည်ပြီး ပြင်ဆင်ထားကြဖို့လိုပါတယ်။

ခရီးသွားကဏ္ဍကိုအရှိန်မြှင့်တင်ဖို့လို

ဒါ့အပြင် တရုတ်ခရီးသွားတွေဟာ တရုတ်နိုင်ငံကိုမပြန်မီ ၄၈ နာရီအတွင်း စစ်ဆေးထားတဲ့ ပီစီအာရ်စစ်ဆေးမှုအဖြေလည်း လိုအပ်လျက်ရှိပါသေးတယ်။ ဒါကြောင့် ဆေးစစ်ရမယ့်နေရာတွေနဲ့ ဆေးရုံတွေကို ပြင်ဆင်ထားဖို့လည်း လိုအပ်လျက်ရှိတယ်လို့ ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူး ယူတာဆက်ခ်ဆူပါပွန်က ပြောပါတယ်။

တရုတ်ခရီးသွားတွေ ထိုင်းနိုင်ငံကိုပြန်ဝင်ဖို့အတွက် ခရီးသွားကဏ္ဍကို အရှိန်မြှင့်ထားဖို့လိုတယ်လို့ ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူးက ပြောပါတယ်။ ထိုင်းနိုင်ငံကို ပထမဆုံးလာရောက်မယ့် ခရီးသွားတွေဟာ တစ်ကိုယ်တော်တွေဖြစ်ပြီး သူတို့ဟာ လေကြောင်းလိုင်းနဲ့ ဟိုတယ်တွေကို အွန်လိုင်းက ချိတ်ဆက်မှာယူထားကြပါတယ်။ သူတို့ရဲ့ခရီးစဉ်တွေကိုလည်း ခရီးသွားအပလီကေးရှင်းတွေအသုံးပြုပြီး ဆောင်ရွက်လာကြပါတယ်။

ကမ်းခြေတွေနဲ့ အစားအသောက်တွေကတော့ သူတို့ရဲ့ အကြိုက်ဆုံးတွေဖြစ်ကြပါတယ်။

စစ်မှန်တဲ့သဘာဝတရားကို ခံစားနိုင်

အခုလို နှစ်သစ်ရဲ့ ခရီးသွားကဏ္ဍသစ်မှာ မိမိတို့တွေဟာ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို ခရီးသွားတွေ ပိုမိုလာရောက်နိုင်အောင် ကောင်းမွန်တဲ့ ခရီးသွားအစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံရဲ့ ခရီးသွားဝင်ရောက်မှုနည်းတဲ့နေရာဟာ သဘာဝအလှတရားတွေနဲ့ လွှမ်းခြုံထားပြီး ထိုင်းလူမျိုးတွေရဲ့ စစ်မှန်တဲ့သဘာဝတရားတွေကို ခံစားနိုင်မှာဖြစ်ပါတယ်လို့ ယူတာဆက်ခ်က ပြောပါတယ်

ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့က တရုတ်ခရီးသွားတွေအပေါ် တင်းကျပ်တဲ့ ကန့်သတ်ချက်တွေမချမှတ်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်။

ဒါကတော့ တုတ်တုတ်မောင်းသမားတစ်ယောက်ဖြစ်တဲ့ မက်ခ်က ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူးရဲ့ ထုတ်ပြန်ချက်ကို သတိတရရှိစေခဲ့တာပဲဖြစ်ပါတယ်။ တုတ်တုတ်မောင်းသမားဟာ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက သူ့ရဲ့အသက်ရှင်သန်မှုအတွက် ရုန်းကန်လှုပ်ရှားနေရတာဖြစ်ပါတယ်။ နှစ်သစ်ကူးပွဲတော်အခါမှာလည်း တော်ဝင်နန်းတော်ရှေ့မှာ တုတ်တုတ်ကို ရပ်ထားရင်း ခရီးသည်ကို တပျင်းတရိ စောင့်ဆိုင်းနေရပါတယ်။

ခရီးသွားကဏ္ဍမျှော်လင့်ချက်ရောင်ခြည်သန်းလာ

ဇူလိုင်လက ထိုင်းနိုင်ငံဟာ နိုင်ငံခြားခရီးသွားတွေကို လမ်းပြန်ဖွင့်ပေးပြီးနောက်မှာ ခရီးသွားကဏ္ဍဟာ မျှော်လင့်ချက်ရောင်ခြည်အနည်းငယ်သန်းလာခဲ့ပါတယ်။ သို့သော်လည်း ခရီးသွားလုပ်ငန်းပြန်လည် အရှိန်အဟုန်ကောင်းလာဖို့ဆိုရင်တော့ အချိန်တစ်ခုထိ လိုအပ်နေဆဲရှိပါသေးတယ်။

"ကျွန်တော့်အတွက်ကတော့ တစ်ရက်ဌားရင် ဘတ် ၅၀၀ (အမေရိကန် ၁၄ ဒေါ်လာ) လောက်ရပါတယ်။ တစ်ခါတလေကျတော့လည်း တစ်ရက်ကို လမ်းကြောင်းနှစ်ကြောင်းလောက် ဆွဲလိုက်ရတယ်" လို့ မက်ခ်က ပြောပါတယ်။ "ကျွန်တော်တို့တွေ တရုတ်ခရီးသွားတွေပြန်လာတာကို မျှော်နေကြတယ်။ သူတို့တွေဟာ စီးပွားရေးဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းလာမယ်လို့ ကျွန်တော်တို့မျှော်လင့်တယ်။ ကျွန်တော်တို့တွေဟာ တစ်ချိန်တုန်းက ရှုပ်ထွေးစည်ကားလှတဲ့ မြို့တော်ဘန်ကောက်ရဲ့အလှတရားနဲ့ ခရီးသွားတွေ စည်စည်ကားကားလာရောက်လည်ပတ်တဲ့ရက်တွေကို သတိရမိတယ်" လို့ မက်ခ်က ဆက်ပြောလိုက်ပါတော့တယ်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ယှဉ်တွဲနေထိုင်ရတဲ့ လူနေမှုဘဝဟာ တကယ်တမ်းတော့ မွန်းကျပ်လှပါတယ်။ တစ်ဖက်က လူနေမှုဘဝမွန်းကျပ်သလို တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံ အတော်များများဟာ ခရီးသွားကဏ္ဍကရရှိတဲ့ နိုင်ငံခြားဝင်ငွေအပေါ်မှီခိုနေရပါတယ်။ အခုလို ကာလမှာတော့ နိုင်ငံအတော်များများရဲ့ ခရီးသွားကဏ္ဍဟာ ပြန်လည်တိုးတက်ပွင့်လန်းလာဖို့ အရှိန်ယူကြိုးစားရဦးမှာပဲဖြစ်ပါတယ်။

ကိုးကား - ဆင်ဟွာ

> ❖ **အခုလို နှစ်သစ်ရဲ့ ခရီးသွားကဏ္ဍသစ်မှာ မိမိတို့တွေဟာ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို ခရီးသွားတွေ ပိုမိုလာရောက်နိုင်အောင် ကောင်းမွန်တဲ့ ခရီးသွားအစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံရဲ့ ခရီးသွားဝင်ရောက်မှုနည်းတဲ့နေရာဟာ သဘာဝအလှတရားတွေနဲ့ လွှမ်းခြုံထားပြီး ထိုင်းလူမျိုးတွေရဲ့ စစ်မှန်တဲ့သဘာဝတရားတွေကို ခံစားနိုင်မှာဖြစ်ပါတယ်လို့ ယူတာဆက်ခ်က ပြောပါတယ်**
>
> ❖ **ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့က တရုတ်ခရီးသွားတွေအပေါ် တင်းကျပ်တဲ့ ကန့်သတ်ချက်တွေမချမှတ်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိ

(၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၃၇,၃၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၃၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါ နောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁-၂၀၂၃ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၄၅	၁၉၉၀	၁၉၈၅	၁၉၅၀	၁၉၉၀	၂၀၁၀	၁၉၉၅	၁၉၇၅	၂၀၇၀	၂၀၈၅	၁၉၈၀	၁၉၉၀	၂၀၂၅	၂၀၂၅	၂၀၃၀	၂၂၄၅	၂၇၆၀
95 Ron	၂၀၁၀	၂၀၆၀	၂၀၅၅	၂၀၂၀	၂၀၅၅	၂၀၈၀	၂၀၆၅	၂၀၄၅	၂၁၃၅	၂၁၅၅	၂၀၅၀	၂၀၆၅	၂၀၉၅	၂၀၉၅	၂၀၉၅	၂၃၁၅	၂၈၄၀
HSD (500 ppm)	၂၂၃၀	၂၂၇၅	၂၂၇၀	၂၂၃၅	၂၂၇၅	၂၂၉၅	၂၂၉၀	၂၂၆၀	၂၃၇၅	၂၃၇၀	၂၂၆၅	၂၂၇၅	၂၃၁၀	၂၃၁၀	၂၃၁၅	၂၅၃၀	၃၄၈၅
HSD (50 ppm)	၂၃၁၀	၂၃၅၅	၂၃၅၀	၂၃၁၅	၂၃၅၅	၂၃၇၅	၂၃၇၀	၂၃၄၀	၂၄၅၅	၂၄၅၀	၂၃၄၅	၂၃၅၅	၂၃၉၀	၂၃၉၀	၂၃၉၅	၂၆၁၀	၃၅၁၅
HSD (10 ppm)	၂၃၁၀	၂၃၅၅	၂၃၅၀	၂၃၁၅	၂၃၅၅	၂၃၇၅	၂၃၇၀	၂၃၄၀	၂၄၅၅	၂၄၅၀	၂၃၄၅	၂၃၅၅	၂၃၉၀	၂၃၉၀	၂၃၉၅	၂၆၁၀	၃၅၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၄၇	၁၉၁၈
95 Ron	၁၉၁၃	၁၉၈၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၀၁	၂၂၇၅
HSD (10 ppm)	၂၂၀၁	၂၂၇၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရှေလီနယ်စပ်ဂိတ် ကျယ်ဂေါင်နန်းတော်ဂိတ်၊ ကုန်ပစ္စည်းစခန်း၊ တရုတ်-မြန်မာဈေးဌ လူနှင့်ကုန်ပစ္စည်း ဖြတ်သန်းသွားလာမှု ပြန်လည်ဖွင့်လှစ်

နေပြည်တော် ဧနှစ်လပိုင်း ၅

တရုတ်-မြန်မာ စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှု၊ ပြည်သူလူနေမှုဘဝ အကျိုးစီးပွားများကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဧနှစ်လပိုင်း ၈ ရက်မှစ၍ တရုတ်-မြန်မာ နယ်စပ်ဂိတ်လမ်းကြောင်းဖြစ်သော ရှေလီနယ်စပ်ဂိတ် ကျယ်ဂေါင်နန်းတော်ဂိတ်၊ ကုန်ပစ္စည်းစခန်း၊ တရုတ်- မြန်မာဈေးစသည့် လမ်းကြောင်းသုံးခု၌ လူနှင့် ကုန်ပစ္စည်း ဖြတ်သန်းသွားလာမှုကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဖြတ်သန်းသွားလာခွင့် ပြန်လည်ဖွင့်လှစ်ပြီးနောက် ပြည်ဝင်ပြည်ထွက်သည့် ကုန်ပစ္စည်းယာဉ်များနှင့် မောင်းနှင်သူများသည် ကုန်ပစ္စည်းစခန်းလမ်းကြောင်းမှ ဝင်ထွက်ရမည်ဖြစ်ပြီး အချိန်မှာ ပေကျင်းစံတော်ချိန် နံနက် ၈ နာရီမှ ည ၁၁ နာရီအထိ ဖြစ်သည်။

အစိုးရဝန်ထမ်းနှင့် အတူလိုက်ပါသော ယာဉ်များသည် နန်းတော်ဂိတ်လမ်းကြောင်းမှ ဝင်ထွက်ရမည်ဖြစ်ပြီး အချိန်မှာ ပေကျင်းစံတော်ချိန် နံနက် ၈ နာရီမှ ည ၉ နာရီခွဲအထိဖြစ်သည်။ အခြားလူပုဂ္ဂိုလ်နှင့် အသေးစားအိမ်စီးကား၊ နှစ်ဘီးဆိုင်ကယ်၊ အီလက်ထရွန်နစ်ဆိုင်ကယ်များကမူ တရုတ်- မြန်မာဈေးလမ်းကြောင်းမှ ဝင်ထွက်ရမည်ဖြစ်ပြီး အချိန်မှာ ပေကျင်းစံတော်ချိန် နံနက် ၈ နာရီမှ ည ၉ နာရီခွဲ အထိဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် တရုတ်နိုင်ငံ ရှေလီနယ်စပ်ဂိတ် စီမံအုပ်ချုပ်သည့်ဌာနက နှစ်ဦးနှစ်ဖက် လူပုဂ္ဂိုလ်သွားလာမှု၊ ကုန်ပစ္စည်းဖြတ်သန်းမှု ပြန်လည်ဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်လျက် ရှိနေပြီဖြစ်သည်။

ကိုရိုး

တရုတ်-မြန်မာနယ်စပ်တစ်ခုဖြစ်သော ကျယ်ဂေါင်နန်းတော်ဂိတ်။

မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ ရန်ကုန်၌ သုံးရက်ကြာ ကျင်းပမည်

ရန်ကုန် ဧနှစ်လပိုင်း ၅

မြန်မာ့ခရီးသွားပြပွဲ ၂၀၂၃ (Myanmar Travel Fair 2023) ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းမပေါ်ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတစ်ဖြစ်သည့် ဝန်ကြီးများရုံး၌ ဧနှစ်လပိုင်း ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အများပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ခရီးသွားလာရေးနှင့်ဆိုင်သည့်ပြည်တွင်းပြည်ပ မော်တော်ကား၊ လေယာဉ်လက်မှတ်များ၊ ခရီးစဉ်များကို တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိသည့် လိုင်စင်ရ ခရီးသွားလုပ်ငန်းများ၊ အေးဂျင့်များက လာရောက်ရောင်းချပေးမည်ဖြစ်ပြီး ကံစမ်းမဲအစီအစဉ်နှင့် အခြားလက်ဆောင် အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ပြီး Myanmar Travel Fair 2023 တွင် ခရီးသွားလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း၊ လက်မှုပစ္စည်း အရောင်းဆိုင်များလည်း ဆိုင်ခန်းများ ပါဝင်ပြသလိုပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

သီရိ

နှစ်သစ်၌ ပဲတင်ပို့မှုမှတစ်ဆင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းရန် မျှော်လင့်

ရန်ကုန် ဧနှစ်လပိုင်း ၅

မြန်မာ့ပဲမျိုးစုံကို အိန္ဒိယနိုင်ငံက အဓိက ဝယ်ယူတင်သွင်းလျက်ရှိရာ နှစ်ကုန်ပိုင်းရာသီဥတုဖောက်ပြန်မှုနှင့် ပဲလိုအပ်ချက် မြင့်မားမှုစသည့် အချက်များကြောင့် မြန်မာနိုင်ငံမှ တင်ပို့ကြမည့် ပဲမျိုးစုံ ဈေးကွက် အမြင့်ဈေးဖြင့် ထိုးဖောက်တင်ပို့နိုင်မည်ဟု ပဲကုန်သည်များနှင့် တောင်သူများက မျှော်မှန်းထားကြသည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ပို့ကုန် မတ်ပဲနှင့် ပဲစင်းငုံတို့ ဈေးနှုန်းတည်ငြိမ်နေသော်လည်း မကြာမီ ဈေးနှုန်းတန်းအမြင့်ဖြင့်ပြန်လည်ဈေးကောင်းလာမည်ဟု ပဲလုပ်ငန်းရှင်များက ယုံကြည်ကြသည်။ သို့သော် လက်ရှိတွင် အိန္ဒိယ-မြန်မာ ငွေကြေးဈေးနှုန်းများ တည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်မှာလည်း စောင့်ဆိုင်းကြည့်ရှုနေကြသည့် အခြေအနေဖြစ်ကြောင်း ပဲတင်ပို့သူ ဦးစိန်မောင်က သုံးသပ်သည်။

လာမည့် ဧနှစ်လပိုင်း ၈ ရက်တွင် တရုတ်လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းလည်း ပြန်လည် ကောင်းမွန်လာပါက ဈေးနှုန်းအမြင့်ဖြင့် ပို့ကုန်များ တိုးတက်တင်ပို့နိုင်မည်ဟု ကျွမ်းကျင်သူများကလည်း ပြောသည်။ ပြည်ပပို့ကုန်များအပြင် ပြည်တွင်းသုံး ပဲမျိုးစုံတို့လည်း ဈေးကွက်၌ လက်ကျန်နည်းနေပြီဖြစ်ရာ အမြင့်ဈေး ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ယခုလသည် ပဲမျိုးစုံဈေးကွက်သို့ ဝင်ရောက်ချိန်ဖြစ်ပြီး တောင်သူများထံမှ ကုန်သည်များက ဝယ်ယူသိုလှောင်နေကြချိန်ဖြစ်၍ အရောင်းအဝယ်အားကောင်းလျက်ရှိသော်လည်း ဈေးနှုန်းများမှာ တည်ငြိမ်နေသေးကြောင်း သိရပြီး လှောင်လက်အကြိုက်ဆုံး ပဲအမျိုးအစားများအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းတို့ဖြစ်ပြီး မြေပဲနှင့် နှမ်းဆီထွက်သီးနှံများလည်း အထိုက်အလျောက် ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဝဝဈ

တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် ဧနှစ်လပိုင်း ၅

ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ဈေးကွက်၌ မိုးကြက်သွန်ဈေးနှုန်း ကျဆင်းလာခဲ့ပြီး စားအုန်းဆီဈေး အနည်းငယ် ပြန်လည်မြင့်တက်လာသည်။

ဆန်

ဧနှစ်လပိုင်း ၃ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် ကောက်ညှင်းဆန်တစ်အိတ် ကျပ် ၇၅၀၀၀-၈၀၀၀၀ နှုန်းရှိသည်။ ပြည်ပပို့ ဆန်ကွဲတစ်အိတ် B1-2 ကျပ် ၄၀၅၀၀-၄၁၀၀၀ ၊ ဆန်ကြမ်းအသစ်တစ်အိတ် ကျပ် ၄၂၀၀၀၊ ဆန်ကြမ်းအဟောင်း သီးထပ်တစ်အိတ် ကျပ် ၄၇၀၀၀၊ ရက် ၉၀ ရှယ်တစ်အိတ် ကျပ် ၅၂၀၀၀ ၊ ပေါ်ကျွဲအသစ်တစ်အိတ်ကျပ် ၄၇၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်း (ထိပ်စ) ကျပ် ၇၂၀၀၀ ၊ ပုသိမ်မြောင်းမြကျပ် ၆၂၀၀၀၊ ဖျာပုံကျပ်ဖိ၁၀၀၀ နှုန်း ရှိသည်။ ပေါ်ဆန်းဆန်ဟောင်း တစ်အိတ်လျှင် ရွှေဘိုကျပ် ၉၈၀၀၀၊ ပုသိမ်-မြောင်းမြကျပ် ၇၀၀၀၀၊ ဖျာပုံ ကျပ် ၆၈၀၀၀ နှုန်းရှိသည်။

စားအုန်းဆီ

ဧနှစ်လပိုင်း ၂ ရက် မှ ၈ ရက်အထိ အခြေခံလက်ကား ရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာ ကျပ် ၄၄၇၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာကျပ် ၁၁၀ ဈေးတက်လာသည်။ ဧနှစ်လပိုင်း ၂ ရက် ရန်ကုန်ဆီဈေးကွက်တွင် စာရွက်ဈေးတစ်ပိဿာ ကျပ် ၅၂၅၀ နှုန်းသို့ ဈေးနှုန်းအနည်းငယ် မြင့်တက်လာပြီး အကန့်အသတ်ဖြင့် အချို့ကိုသာ ရောင်းပေးသည်။ သို့ဖြစ်ရာ ဧနှစ်လပိုင်း ၃ ရက်တွင် လက်ငင်းအလှယ်လက်ကား တစ်ပိဿာ ကျပ် ၅၄၅၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။

ပဲ

ဧနှစ်လပိုင်း ၃ ရက် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ (FAQ/RC)တစ်တန် ကျပ် ၁၆၇၉၅၀၀၊ (SQ/RC)တစ်တန် ကျပ် ၁၈၇၉၅၀၀၊ ပဲစင်းငုံနီ (Red/RC)တစ်တန် ကျပ် ၁၇၄၅၀၀၀၊ ပဲတီစိမ်းခရမ်းရွှေဝါ(ထိပ်စ)တစ်ပိဿာကျပ် ၂၈၀၀-၂၉၂၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၂၂၅- ၄၃၅၀ နှုန်း အသီးသီး ရှိသည်။

ကြက်သွန်နီ

ဧနှစ်လပိုင်း ၃ ရက် ရန်ကုန်ဈေးကွက်သို့ နယ်စုံမှ မိုးကြက်သွန်နီ ပိဿာချိန် ၁၅၀၀၀၀ ဝင်ရောက်လာသည်။ ယင်းနေ့တွင် မြင်းခြံကြက်သွန်နီ အသစ် လက်ကားတစ်ပိဿာ ကျပ်၁၆၀၀-၂၁၀၀-၂၂၀၀- ၂၃၀၀၊ မြစ်သားကျပ် ၂၃၀၀-၂၅၀၀--၂၆၀၀ နှုန်း အသီးသီး ဈေးနှုန်းရှိသည်။ ပခုက္ကူနယ်ဈေးကွက်တွင် အမြင့်ဆုံး တစ်ပိဿာ ကျပ် ၂၁၅၀၊ မန္တလေးဈေးကွက်တွင် မြစ်သားကြက်သွန်နီ အမြင့်ဆုံး တစ်ပိဿာလျှင်ကျပ် ၂၄၅၀ နှုန်းရှိသည်ဟု သိရသည်။

ကြက်သွန်ဖြူ/ အာလူး/ ငရုတ်

ဧနှစ်လပိုင်း ၃ ရက်တွင် ရှမ်းအောင်ပန်း ကြက်သွန်ဖြူ လက်ကား တစ်ပိဿာကျပ် ၃၉၀၀-၄၅၀၀-၄၈၀၀- ၅၁၀၀ ၊ ကြူကုတ်ကြက်သွန်ဖြူ ကျပ် ၃၃၇၅-၃၄၀၀ နှုန်း ရှိသည်။ ဧနှစ်လပိုင်း ၃ ရက်တွင် ရှမ်းအောင်ပန်း အာလူး လက်ကားတစ်ပိဿာကျပ် ၁၇၀၀-၁၇၀၀-၁၇၀၀-၂၂၀၀၊ တရုတ်အာလူးအသစ်ကျပ် ၁၉၀၀ နှုန်း အသီးသီး ဈေးနှုန်းရှိသည်။ ဧနှစ်လပိုင်း ၃ ရက်တွင် သာစည် ငရုတ်ပွအသစ် လက်ကားတစ်ပိဿာ ကျပ် ၁၁၅၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွအသစ် တစ်ပိဿာ ကျပ် ၁၄၀၀၀၊ တရုတ်စက ငရုတ်ပွတစ်ပိဿာကျပ် ၁၄၂၀၀ ရှိသည်။ သဲတောနယ်ထွက် မြှားနီငရုတ်ရှည် အသစ်တစ်ပိဿာကျပ် ၁၄၀၀၀၊ စလင်းနယ်ထွက် ပန်းရဲငရုတ်ရှည်အသစ် အတောင့်ကြီး ကျပ် ၁၄၀၀၀- ၁၄၅၀၀၊ အတောင့်သေးကျပ် ၁၃၀၀၀ ၊ နယ်စုံမိုးထောင် ငရုတ်တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ရှမ်းငရုတ်ရှည် ကျပ် ၁၂၅၀၀ နှုန်းရှိသည်။

အောင်ခင်နိုင်

ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ကူညီထောက်ပံ့ရန် စီစစ်ရွေးချယ်

ရန်ကုန် ဧနှစ်လ ၁ရက်

မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) အတွက် "စွမ်းအင်အလေအလွင့်လျှော့ချရေး"နှင့် "ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်"နှင့် ပတ်သက်သော စီမံကိန်းများအား လုပ်ဆောင်နိုင်ရန်အတွက် မြန်မာငွေ ကျပ်သိန်းပေါင်းနှစ်သောင်းကို ဒိန်းမတ်နိုင်ငံက Responsible Business Fund(RBF)မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများသို့ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ရာ ယင်းအတွက် ဆင္ဘမအကြိမ်မြောက် အဆိုပြုလွှာခေါ်ယူခြင်း(ဒုတိယအဆင့်)လျှောက်လွှာ Full Proposal ကို ဧနှစ်လ ၉ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကြောင်း Responsible Business Fund(RBF)မှ သိရသည်။

ကူညီထောက်ပံ့ပေးပြီးဖြစ်

ဒိန်းမတ်နိုင်ငံသည် ပြီးခဲ့သည့် ငါးနှစ်တာအတွင်း မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းစုစုပေါင်း ၆၀၉ ခု အတွက် ထောက်ပံ့ငွေ ကျပ်သိန်းပေါင်း ၁၉၅၇၆၀ ကူညီထောက်ပံ့ ပေးအပ်ခဲ့ပြီးဖြစ်ကာ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဆက်လက် ထောက်ပံ့ငွေ ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ် သံရုံးမှ သိရသည်။

အသက်မွေးဝမ်းကျောင်းမှုများ အဆင်ပြေစေရန်

လက်ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ရင်ဆိုင်ကြုံတွေ့နေရသော လျှပ်စစ်မီးရရှိရေးနှင့် စွမ်းအင်သုံးစွဲမှုစရိတ် မြင့်တက်လာမှုများကြောင့် ထုတ်လုပ်မှုများ ကျဆင်းလာခြင်းတို့အပေါ် ၄င်းတို့အား မှီခိုနေရသောဝန်ထမ်းများနှင့် ဒေသတွင်းနေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်းမှုများ အဆင်ပြေစေရန် ရည်ရွယ်၍ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပညာအသစ်များ ဖော်ဆောင်

RBF ၏ ဆင္ဘမအကြိမ်မြောက် အဆိုပြုလွှာခေါ်ဆိုမှု ဖွင့်ပွဲကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ အကြီးအကဲ တက်ရောက်ခဲ့သည်။ ၄င်းက မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)အတွက် စီမံကိန်းတစ်ခုလျှင် အများဆုံးထောက်ပံ့ငွေ ကျပ်သိန်း ၄၀၀၊ စုစုပေါင်း စီမံကိန်းကုန်ကျငွေ၏ ၂၅ ရာခိုင်နှုန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ထိုရရှိသော ထောက်ပံ့ငွေများကို ကောင်းမွန်စွာအသုံးချ၍ နည်းပညာအသစ်များကို ဖော်ဆောင်ကာ စံနမူနာကောင်းဖြစ်သော စီမံကိန်းများ လုပ်ဆောင်သွားရန် အားပေးပြောကြားခဲ့သည်။ **သီရိ**

၂၀၂၂ တစ်နှစ်တာအတွင်း ရန်ကုန်စတော့အိတ်ချိန်းမှ အရောင်းအဝယ်ဆောင်ရွက်မှုတန်ဖိုး ကျပ်သန်း ၇၄၀၀ ကျော်ရှိခဲ့

ရန်ကုန် ဧနှစ်လ ၁ရက်

၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်ကြေညာခဲ့ရာ ကုမ္ပဏီပေါင်း ခုနစ်ခုမှ ငွေကျပ်သန်းပေါင်း ၇၄၂၄ ဒသမ ၂၉ တန်ဖိုးခန့် အရောင်းအဝယ်ဖြစ်မြောက်ခဲ့ကြောင်း သိရသည်။

တစ်နှစ်တာအတွင်း ကုမ္ပဏီအလိုက် ရှယ်ယာရောင်းချမှု အနေအထားမှာ FMI မှ ရှယ်ယာစောင်ရေ ၁၉ဖဝ၉၁ စောင်၊ MTSH မှ ရှယ်ယာစောင်ရေ ၁၂၀၈၄ဖ၂ စောင်၊ MCB မှ ရှယ်ယာစောင်ရေ ၅၁ဝ၉၄၄ စောင်၊ FPB မှ ရှယ်ယာစောင်ရေ ၅ဖ၅၃၈ စောင်၊TMH မှ ရှယ်ယာစောင်ရေ ၇၇၁၁ဖ စောင်၊ EFR မှ ရှယ်ယာစောင်ရေ ၃၈၈၃၄ စောင်၊ AMATA မှ ရှယ်ယာစောင်ရေ ၃၇၅၅၉ စောင်ဖြစ်ပြီး စုစုပေါင်း ရှယ်ယာစောင်ရေ ၁ဖဖ၇၄၃၄ စောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရှိရသည်။

အရောင်းအဝယ်ဖြစ်မြောက်မှုများတွင် Continuous Trading အနေဖြင့် ငွေကျပ်သန်းပေါင်း ၅ဖ၁၁ ဒသမ ၀၈ ရှိခဲ့ပြီး Block Trading မှာ ငွေကျပ်သန်း ၁၈၁၃ ဒသမ ၂၁ ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **သီရိ**

တရုတ်ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားများရရှိလာနေ

ဒေတာသည် ဒစ်ဂျစ်တယ်စီးပွားရေးခေတ်၏ အခြေခံအရင်းအမြစ် ဖြစ်လာပြီဖြစ်သည်။ လတ်တလောနှစ်ပိုင်းတွင် တရုတ်နိုင်ငံက လုပ်ငန်းများကို ဒစ်ဂျစ်တယ်အဖြစ် ပြောင်းလဲမှုနှင့် ဒစ်ဂျစ်တယ်လုပ်ငန်း ဖော်ဆောင်မှုတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး Real Economy ကို အင်အားပေးခြင်းဖြင့် ဒေတာအချက်အလက်များ၏တန်ဖိုးကို အဓိက ထုတ်လွှတ်ပေးထားသည်။

ကွေ့ကျိုးပြည်နယ် ကွေ့ယန်မြို့ရှိ ကုမ္ပဏီတစ်ခု၏ ကုန်စည်စီးဆင်းမှု ဒစ်ဂျစ်တယ်ဆိပ်ကမ်းကို မြင်တွေ့ရစဉ်။

လတ်တလောနှစ်ပိုင်းတွင် တရုတ်နိုင်ငံ၏ ဒေတာအများအပြားနှင့် များပြားလှသည့် အသုံးချရန်နေရာ အားသာချက်ကို အပြည့်အဝ အသုံးပြု၍ ဒေတာအချက်အလက်များ၏ စွမ်းရည်ကိုဖော်ထုတ်ကာ သမားရိုးကျလုပ်ငန်းများ အသွင်ကူးပြောင်း အဆင့်မြှင့်တင်ရန် အင်အားပေးပြီး လုပ်ငန်းအသစ်၊ လုပ်ငန်းအခြေအနေအသစ်၊ ပုံစံအသစ်များ ထွက်ပေါ်လာစေသည်။

၂၀၂၂ ခုနှစ်အတွင်း ကျွဲ့ကျန်းပြည်နယ် နင်ပေါ်မြို့မှ စမတ်စက်ရုံတစ်ခုက စက်မှုလုပ်ငန်း Big data အသုံးပြုမှုဖြင့် အမှာစာမှသည် ပစ္စည်းလွှဲပြောင်းသည်အထိ စမတ်ပုံစံဖြင့် ပြုလုပ်နိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းကို တွင်ကျယ်တိုးတက်လာစေခဲ့သည်။

လတ်တလောနှစ်ပိုင်းတွင် ဖူကျန့်ပြည်နယ် ဖူကျိုးမြို့သည် အစိုးရလုပ်ငန်း ဒေတာအချက်အလက် အတူမျှဝေမှုကို အားကိုးကာ Self-service terminal စက်ပစ္စည်းများဖြင့် ဌာနပေါင်းစုံဝန်ဆောင်မှုများကို ပေါင်းစပ်၍ ၂၄ နာရီ self-service ဝန်ဆောင်မှု ဖော်ဆောင်လိုက်သည်။

"၁၅ မိနစ်အတွင်း ပြည်သူများ အဆင်ပြေစေသည့် ဝန်ဆောင်မှုနေရာ" ဖန်တီးခြင်းဖြင့် ၁၅ မိနစ်ကြာ လမ်းလျှောက်ရသည့် အတိုင်းအတာအတွင်း မြို့သူမြို့သားကတ်ပြားလုပ်မှု၊ အိမ်ဝယ်ယူရန် လူမှုဖူလုံကြေး (Housing Provident Fund)ထုတ်ယူမှု၊ ကုသရေးလူမှုဖူလုံရေးမှတ်တမ်းတင်မှု စသည့် ပြည်သူများ အဆင်ပြေချောမွေ့စေသည့် Self-service လုပ်ဆောင်မှုပေါင်း ၈၉ ခု လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်ဆန်းမှစ၍ ဘိုင်အိုဒီဇယ် စတင်အသုံးပြု

ဂျကာတာ ဧနှစ်လ ၁ရက်

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အသုံးပြုမှု စျေးနှုန်းများ မြင့်မားခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံသည် လောင်စာဆီတင်သွင်းမှုလျှော့ချရေးနှင့် ပိုမိုသန့်စင်သော စွမ်းအင်ကို ပြောင်းလဲအသုံးပြုသည့်အနေဖြင့် ယခုနှစ်ဆန်းမှစတင်၍ လောင်စာဆီအရောအနှော ၃၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ထားသော ဘိုင်အိုဒီဇယ်ဆီကို သတ်မှတ်လိုက်ပြီဖြစ်ကြောင်း အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားအနေဖြင့် ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ဇီဝရုပ်ကြွင်းလောင်စာ Fossil gasoil ဆီတွင် စားအုန်းဆီ ၃၀ ရာခိုင်နှုန်းဖြင့် ရောနှောထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်ဆီ အစီအစဉ်ကို ၂၀၂၀ ခုနှစ်ကတည်းက စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ် B30 ကို B 35 အစီအစဉ်အဖြစ် တိုးမြှင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ဘိုင်အိုဒီဇယ်ဆီ ခန့်မှန်းလိုအပ်ချက်သည် ကီလိုလီတာ ၁၃ ဒသမ ၁၅ သန်း (သို့မဟုတ်) ပြီးခဲ့သည့်နှစ်က ဘိုင်အိုဒီဇယ်သုံးစွဲခဲ့သည့် ပမာဏ(ကီလိုလီတာ ၁၁ ဒသမ ၀၃) သန်းထက် ၁၉ ရာခိုင်နှုန်း မြှင့်တင်သွားရမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဆိုသည်။

အင်ဒိုနီးရှားသည် ယခုနှစ်အတွင်း ဒီဇယ် ကီလိုလီတာ ၃၇ ဒသမ ၅၈ သန်း သုံးစွဲနိုင်မည်ဟု ခန့်မှန်းထားရာ ၃၅ ရာခိုင်နှုန်းကို စားအုန်းဆီမှ ထွက်ရှိသည့် ဘိုင်အိုဒီဇယ်ဆီ အသုံးပြုသွားမည်ဖြစ်ကာ နိုင်ငံ၏ ဘိုင်အိုဒီဇယ်ဆီလုပ်ငန်းအတွက် ကီလိုလီတာ ၁၆ ဒသမ ၆၅ သန်း ထုတ်လုပ်နိုင်သည့်စက်ကိုလည်း တပ်ဆင်ထားပြီးဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက ဘိုင်အိုဒီဇယ်ဆီ ပိုမိုရောစပ်သုံးစွဲသဖြင့် အင်ဂျင်စွမ်းဆောင်ရည်ကို ထိခိုက်မှုမရှိဘဲ ပိုမိုကောင်းမွန်ပြီး ယုံကြည်စိတ်ချရသည့် ဘိုင်အိုဒီဇယ်ဆီဖြစ်စေရေးအတွက်လည်း စံချိန်စံညွှန်းအသစ်များကို ချမှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ၃၀ ရာခိုင်နှုန်း ဘိုင်အိုဒီဇယ်ကို မော်တော်ယာဉ်တွင်ထည့်၍ စမ်းသပ်မောင်းနှင်စဉ်။

စပါးနှင့်ဆန်တင်သွင်းမှုအတွက် အခွန်ကောက်ခံမှု သုညရာခိုင်နှုန်းအထိ တူကီယဲလျှော့ချသတ်မှတ်

တူကီယဲ(ယခင် တူရကီ)နိုင်ငံသည် စပါးနှင့် ဆန် တင်သွင်းမှုများအတွက် အခွန်ကောက်ခံမှုများကို ယခုနှစ် ဩဂုတ် ၃၁ ရက်အထိ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ထားကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလဆန်းပိုင်းက ယင်းသို့ ကြေညာထားခဲ့ခြင်းဖြစ်သည်။

မူလက နိုင်ငံအတွင်း စပါး၊ ဆန်လုံးညှိနှင့် ဆန်ဖြူများကို ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာစေရေး စပါးတင်သွင်းမှုများအတွက် သွင်းကုန်အခွန် ၃၄ ရာခိုင်နှုန်း၊ ဆန်ညှိတင်သွင်းမှု သွင်းကုန်အခွန် ၃ဖ ရာခိုင်နှုန်းနှင့် ဆန်ဖြူတင်သွင်းမှုတွင် သွင်းကုန်အခွန် ၄၅ ရာခိုင်နှုန်း အထိ အသီးသီးချမှတ်ထားသည်။ သို့သော် ယခုအခါ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် စျေးကွက်တည်ငြိမ်မှုရရှိစေရေးတို့အတွက် ယခုကဲ့သို့ သွင်းကုန်အခွန်ကို သုညရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။
ခင်ရတနာ စုစည်းဖော်ပြသည်။

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၁၆ တန်ကျော်ဖမ်းဆီးရမိ

နေပြည်တော် ဧနဝါရီ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၃ ဒသမ ၇၅၃၆ တန်၊ သစ်မာ ၁၃ ဒသမ ၂၉၂၆ တန်၊ အခြား ၆၉ ဒသမ ၇၄၈၈ တန် စုစုပေါင်း ၁၁၆ ဒသမ ၇၉၅၀ တန်၊ ယာဉ်/ယန္တရားငါးစီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧနဝါရီ ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်နေ နုနုဝါဦး(ခ) အနုဝါသည် ၎င်းအသုံးပြုသည့် "Nu Nu Wah Oo" Facebook အကောင့်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နေ မင်းခန့်စံသည် ၎င်းအသုံးပြုသည့် "Min Khant San" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် နောင်ချိုမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧနဝါရီ ၅

မိုးညှင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် နောင်ချိုမြို့တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧနဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအနီး နန့်မွန်း-မပြင်သွား ကားလမ်းတွင် ဇော်မျိုးဝင်း(ခ)ကိုနှောင်း မောင်းနှင်ပြီး အောင်ကိုဝင်း လိုက်ပါလာသည့် Pajero အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၇၅ ကီလိုကိုလည်းကောင်း၊ အလားတူ ဧနဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် လွယ်ပါရင်(၁)ကျေးရွာအနီး မိုင်းတွမ်း-တာချီလိတ်သွား ကားလမ်းတွင် အားအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဧနဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် WISH အမျိုးအစားခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည်မမြေသွေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ဇော်မျိုးဝင်း (ခ) ကိုနှောင်းနှင့် အောင်ကိုဝင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဧနဝါရီ ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧနဝါရီ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် လှည်းကူး – ဆားတလင်း လမ်းမကြီး၊ မိုင်တိုင်အမှတ် (၀/၆) နှင့် (၀/၇) အကြားတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၅ ဒသမ ၁၁၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅ဝ၀၀၀) နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၅၅ဖ၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧနဝါရီ ၃ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ် အတွင်း ကြိမ်ချောင်းကျေးရွာ ဘက်မှ ရန်အောင်မြင်ကျေးရွာ ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ် လေးစီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ

တင်ပြနိုင်ခြင်းမရှိသည့် နိုင်ငံခြားစီးကရက် ၄၄၂၈ တောင့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၄၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကြံခင်းမြို့နယ် နှင့် ညောင်တုန်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၉ ဒသမ ၈၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၉၇၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧနဝါရီ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်မြို့နယ် ဘော်ကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ပိုင်ရှင်မဲ့ ပျဉ်းကတိုးခွဲသား ၀ ဒသမ ၅၅၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဧနဝါရီ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေး စခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြ၀တီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဖိနပ်အရန် ၅၆၀ နှင့် မော်တော်ကားတာယာ ၂၅ လုံး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

သို့ဖြစ်ပါ၍ ဧနဝါရီ ၂ ရက်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၄၄၉၇၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁-၂၀၂၃ သောကြာနေ့

MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာရာနာရှိုယသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၀** ပြည်သူ့အားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီဗိုကရစ်
- **၀၉:၁၀** ဆီးနှင်းခဲရာဘားနဒ်(စ်)ရှာ
- **၀၉:၃၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ပိုရ်ချာသော'**
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဘဝ်းဘဝ်အချစ်ချိုချို'** (အပိုင်း-၃၄)
- **၁၃:၃၀** MRTV National News
- **၁၄:၂၅** လူငယ်ရေးရာအစီအစဉ်(မြန်မာ့ဂျူနီယာ်ကျွေးစင်အားကစားသမားမစဲပီးလ်နှင့် တွေ့ဆုံခြင်း)

mitv

- **07:02** Evergreen Classic: Myitta (Kyawt Kay Khaing)
- **07:07** Snake Dancer
- **07:16** Reflected Glory
- **07:40** Let's Taste Delicious Insects
- **07:54** Kid's Home
- **08:01** News
- **08:28** Palm Resort
- **08:35** Mushroom Farming
- **09:01** Listening Pleasure, Instrumental Music (Banjo) Selection
- **09:09** The Third Prize Winner
- **09:26** Aesthetic Painting on Pathein Umbrella
- **10:01** News
- **10:27** Topical Topics (No.26) Harness Freshwater Sources & Effiently use Water

MRTV NRC

- **ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)** ကိုယ်တိုင်ပိတ်ကပ်လိမ်းခြယ်နည်း
- **ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)** လုံယူးပွဲတော်
- **မွန် (၀၈:၀၀ မှ ၁၀:၀၀)** ငါးရံ့သရက်သီးချက်
- **ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)** ထိန်းသိမ်းစို့လေရိုးရာအမွေ
- **ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)** ဖောတို့ဌာနေမြို့ညောင်ရှေ့နှင့်အင်းလေးအလှ
- **၀ (၁၄:၀၀ မှ ၁၆:၀၀)** စာအတူတူပတ်ကြရအောင်
- **ကချင် (၁၆:၀၀ မှ ၁၈:၀၀)** ကြက်ဆန်လှော်
- **ကယား (၁၈:၀၀ မှ ၂၀:၀၀)** ပျားမွေးမြူရေး
- **၀ဧကကရင် (၂၀:၀၀ မှ ၂၂:၀၀)** ရွှေပြင်ဝံစား အလှတရားများ
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၂:၀၀)** ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
- **အရှေ့ပိုးကရင် (၂၂ :၀၀ မှ ၂၃:၀၀)** အိမ်နောက်ဝေးရွေးဆိုင်တည်ခြင်း

MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၇:၁၅** ရသစုံစွာ၅ျှပြေကမ္ဘာ
- **၀၇:၄၅** နိုင်ငံတော်အားစနစ်အတွက်အထောက်အကူပြုနိုင်မယ့်တောင်တော်ကွင်း Solar Power Plant
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမုန်ကဏ္ဍ (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀၇:၀၀** အဖွင့်၊အလံ
- **၀၇:၃၀** ဥပဒေရေးရာအပြာပြာတာတ်လမ်းတို **'တစ်လင်နှင့်တစ်မယား'**
- **၁၀:၀၀** ပြည်ထောင်စုရေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်း
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** ပြည်သူ့အားလုံးနှင့်သက်ဆိုင်သည် အနာဂတ်ဒီဗိုကရစ်(အပိုင်း-၃)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** မန္တလေးနိုဗျက်စက်ရုံ
- **၀۷:၀၀** ကျေးလက်ကွန်ရက်
- **၀۷:၅၅** ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း
- **၀۸:၂၀** သူတို့လေ့သူတို့စိုက်နည်း
- **၀۹:၂၅** အချိုဓာတ်မြင့်မားဖိုကြံ့ရွက်ချဲကြပ်စိုဲ
- **၀۹:၅၀** နစ်ရည်ဝင်ငွတိုးစေမို့စပျစ်စိုက်ကြမို့

MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀۷:၀၀** Sports News
- **၀۷:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀۷:၄၅** အားကစားလောကထဲက သုတို့အကြောင်း
- **၀۸:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လင်ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်ချင်း (၇)နာရီ (၆)ကြိမ်နှုန်း (၂၇)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဧန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၇-၁-၂၀၂၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၁) တွင် ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်နှင့် အတတ်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် ပညာဆိုတာ" မျက်နှာဖုံးကာတွန်း၊ မွေးနေ့ပါတီဖြစ်ပေါ်လာပုံနှင့် မွေးနေ့ကိတ်အကြောင်း ကလေးတို့ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မွေးနေ့ကိတ်ဆိုသည်မှာ..." သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် . . . ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသော "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူတစ်ပါးအပေါ် အခကြေးငွေယူ၍ ကူညီရာက မိမိတွင် ပါလာသော ကုန်ပစ္စည်းများကိုပါ ရောင်းပြီး အကြွေးဆပ်လိုက်ရသော ကုန်သည်အကြောင်း သရုပ်ဖော်ထားသည့် "အလျော်အစား" နှစ်မျက်နှာကာတွန်း၊ နိုင်ငံ့ရင်သွေး ... ရွှေသွေးလူငယ်မောင်မယ်များ၏ အနာဂတ်သည် ပညာရေး တိုးတက်ကောင်းမွန်မှုပေါ်တွင် မူတည်နေပုံကို ကျောင်းသားမိဘအားလုံး သဘောပေါက် နားလည်သွားပုံအကြောင်း တင်ဆက်ထားသည့် "မနက်ဖြန်ရဲ့ အလင်းတစ်စက်" ဝတ္ထုကဏ္ဍ၊ တကယ်ရှိနေသော ပိုက်ဆံကို သူငယ်ချင်းအား ခွဲဝေမပေးနိုင်ဘူးဆိုသော ရွှေဖဲအကြောင်း သရုပ်ဖော်ထားသည့် "ရွှေဖဲ" တစ်မျက်နှာကာတွန်း၊ မိမိ၏ ... လူကဲခတ်မှန်ပြီး ဉာဏ်ကောင်းမှုကြောင့် သူခိုးဓားပြဘေးက လွတ်မြောက်သွားသော ... မောင်သုတအကြောင်း ရေးဖွဲ့ထားသည့် "ဉာဏ်ကောင်းတဲ့ခရီးသည်" ပုံပြင်ကဏ္ဍ၊ ခူဝံကြယ်သည် ရွှေ့လျားမှုမရှိဘဲ အဘယ်ကြောင့် တစ်နေရာတည်းတွင် တည်ရှိနေသလဲ ဆိုသည့်အကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်နေခြည်(ပြည်)၏ "ခူဝံကြယ်" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ယနေ့စျေးကွက်ပေါက်စျေးများ

၅-၁-၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ် ၂၁၈၅၄၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ် ၂၁၇၉၅၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၅၅
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၈၅၀

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၂၅ ကျပ်	၂၂၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၀၅ ကျပ်	၂၃၅၅ ကျပ်
အောက်တိန်း ၉၂	၁၉၇၅ ကျပ်	၂၀၂၀ ကျပ်
အောက်တိန်း ၉၅	၂၀၄၅ ကျပ်	၂၀၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀	. ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၃၀	. ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၆၇	. ၇
ထိုင်း	တစ်ဘတ်	ကျပ်	၆၁	. ၈၅၆
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၈၄	. ၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၇၈	. ၅၈
တရုတ်	တစ်ယွမ်	ကျပ်	၃၀၅	. ၅၄
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅	. ၄၃၅

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၈၀၀	၅၆	၄၈၈၂၀၀
MTSH	၃၃၀၀	၃၃၀၀	၆၆၁	၂၁၈၁၃၀၀
MCB	၇၇၀၀	၇၇၀၀	၃	၂၃၁၀၀
FPB	၁၈၅၀၀	၁၉၅၀၀	၁၀၅၁	၁၉၅၀၃၅၀၀
TMH	၂၆၀၀	၂၆၀၀	၂၄၀	၆၁၇၁၅၀
EFR	၂၇၅၀	၂၇၅၀	၄	၁၁၀၀၀
AHP	၄၉၀၀	၄၉၀၀	၇၉	၃၈၇၁၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၀၄၊ ဈေး ၀၁-၅၄၄၃၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၀၆၊ ကြော်ငြာ ၀၁-၅၄၄၅၈၃၄၊ ၀၁-၅၅၉၁၁၀၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၇၊ Fax ၀၁-၈၆၀၄၅၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မမေ့နိုင်ဖွယ် အညာဆောင်း

သိန်းထွန်း (IR)

နတ်တော်လကုန်လို့ ပြာသိုလပြည့်နေ့ ဖြစ်နေပြီ။ ဆောင်းရဲ့အရသာကို သိပ်ပြီး သိသိသာသာ မရသေးဘူး။ နံနက်အစောရော ညပိုင်းပါ ရေချိုးလို့ ကောင်းတုန်းပဲ။ ဆောင်းတွင်းမှာမြင်နေကျ နှင်းမှုန်၊ နှင်းစက်တို့ ဘယ်ကိုများ ခရီးလွန်နေလဲမသိ။ အရိပ်အယောင်တောင် မမြင်ရ။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲတွေက ဆောင်းရာသီလို့ဆိုပေမယ့် အခုဆို ဆောင်းရာသီတစ်ဝက်ပင် ကျိုးနေပြီ။ ဆောင်းတွင်းမို့ အနွေးထည်ဝတ်ရတဲ့ ရက်တွေကို မှတ်မှတ်ရရ လက်ချိုးရေလို့ရတယ်။ အရင်ကတော့ နတ်တော်၊ ပြာသိုလဆိုတာက အအေးဆုံးလ။ အခုတော့ အဲဒီလို မအေးတော့ပေါင်။ ဆောင်းတွင်းမအေးလို့ အဲကွန်း ဖွင့်ထားရတာ ရှိသေးရဲ့။

ကိုယ့်ဆီမှာသာ အအေးတွေကလျော့နေတာ။ သတင်းထဲမှာတွေ့ရတာက အမေရိကန်မှာ အအေး ဓာတ်လွန်ကဲနေလို့တဲ့လေ။ နှင်းတွေကျနေလိုက်တာ အထူကြီးပဲ။ ရာသီဥတုတွေက ဖောက်ပြန်ကုန်ပြီ။ ကျွန်တော်တို့ငယ်ငယ်က အညာမှာဆိုပေမယ့် ဆောင်းရောက်ပြီဆိုရင် အေးလိုက်တာ။ အနွေးထည်တွေရော ခေါင်းစွပ်တွေပါ ဝတ်ထားရတယ်။ ညပိုင်းဆို မီးဖိုဘေးမှာ မိသားစုတစ်တွေ ဝိုင်းဖွဲ့ ထိုင်ပြီး မီးလှုံကြရတယ်။ ညပိုင်းဆိုရင် မီးမဖိုဘဲ နေလို့မရဘူး။ မီးဖိုမှာ မီးမပြတ်အောင်လို့ ဖေဖေက ထင်းတုံးအကြီးကြီးတွေရှာပြီး မီးဖိုပေးထားတယ်။ မီးဖိုဘေးမီးလှုံရတဲ့ အရသာက အညာဆောင်းရဲ့ အရသာတစ်ခုပဲ။ ဖေဖေ၊ မေမေတို့ဆိုရင် မီးဖိုဘေး မီးလှုံနေတာတောင် အနွေးထည်တွေ၊ ခေါင်းစွပ်တွေ စွပ်ထားကြရတယ်။ ကျွန်တော်တို့ဆိုရင်လည်း စောင်တွေပတ်ပြီး မီးလှုံရတာ။ ရာသီဥတုကအေးလို့ သာ မီးလှုံရတာ။ မီးလှုံရင် အသားပပ်တယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ မျက်နှာတွေ လက်တွေမှာ အသားတွေက ပပ်ကြားအက်သလို ကွဲလာရော။

မြစ်တစ်ဖက်ကမ်းကို ကူးဖို့ တံတားတွေ မရှိသေး

မီးလှုံတဲ့အချိန်ဆို ကျွန်တော်တို့ကလေးတွေ သဘောကျတာ တစ်ခုရှိတယ်။ အဲဒါကတော့ ထန်းပင်မြစ်ဖုတ် စားရတာပဲ။ ကျွန်တော်တို့က ထန်းပင်မြစ်ကို ဈေးထဲက ဝယ်စားတာထက် အုတ်ရှစ်ပြားရွာကနေ ယူလာတာများတယ်။ အုတ်ရှစ်ပြားရွာက ဖေဖေ့ ဇာတိလေ။ မုံရွာ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ဆားလင်းကြီးမြို့နယ်ထဲမှာ ရှိတာ။ မုံရွာကနေ အုတ်ရှစ်ပြားကိုသွားမယ်ဆိုရင် ချင်းတွင်းမြစ်ကိုကူးပြီးမှ သွားရတယ်။ အရင်တုန်းက မုံရွာကနေ ချင်းတွင်းမြစ်တစ်ဖက်ကမ်းကို ကူးဖို့ က ကူးတို့ သင်္ဘောနဲ့ လှေတွေပဲ ရှိတယ်။ ချင်းတွင်း မြစ်ကူးတံတားတွေ မရှိသေးဘူး။

အဲဒီတော့ မုံရွာကနေ အုတ်ရှစ်ပြားကိုသွားဖို့ ဆိုရင် မုံရွာကူးတို့ဆိပ်ကနေ ကူးတို့ သင်္ဘောနဲ့ ချင်းတွင်းမြစ်ကိုကူး။ မြစ်အနောက်ဘက်ကမ်း ညောင်ပင်ကြီးရွာရောက်မှ အုတ်ရှစ်ပြားကို စက်ဘီးနဲ့ဆက်သွားတယ်။ ညောင်ပင်ကြီးနဲ့ ဆားလင်းကြီး ကိုဆွဲတဲ့ လိုင်းကားတော့ရှိတယ်။ ဂျစ်ကားတွေနဲ့ ဆွဲတာ။ ဖေဖေနဲ့ ကျွန်တော်တို့ကတော့ လိုင်းကား မစီးပါဘူး။ ကိုယ့်ဘာသာ စက်ဘီးနဲ့ပဲ သွားကြတာ။ အချိန်သိပ်မကြာပါဘူး။ ကားလမ်းတစ်လျှောက် စက်ဘီးစီးရတာ ပျော်စရာကောင်းတယ်။ လမ်းဘေး တစ်လျှောက်လုံးက ထန်းတောတွေချည်း။ ကားလမ်း ဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်သစ်ရိပ်တွေနဲ့ ဆိုတော့ အေးအေးလူလူစက်ဘီးနင်းသွားရုံပဲ။

အုတ်ရှစ်ပြားရွာက ညောင်ပင်ကြီးနဲ့ ဆားလင်းကြီးကြားမှာ ရှိတယ်။ ရွာမှာက ထန်းနဲ့ ပတ်သက်တာ မှန်သမျှ ပေါမှပေါ။ အိမ်ဆောက်တာ၊ ခြံစည်းရိုး ကာတာအစ ထန်းပင်ထွက်တွေချည်းပဲ။ ကျောင်း ပိတ်ရင် ရွာကို ကျွန်တော်တို့ပြန်ဖြစ်ကြတယ်။ ရွာမှာ ဖေဖေ့ညီအစ်ကိုမောင်နှမတွေရှိကြတယ်။ ရွာရောက်ရင် ဘယ်လိုပျော်စရာ ကောင်းမှန်းကို မသိဘူး။ ရွာက အိမ်တိုင်းလိုလိုမှာ ထန်းကျင်းတွေ ရှိကြတယ်။ အဒေါ်ရဲ့ အိမ်နောက်မှာလည်း ထန်းကျင်း ရှိတေ့ာ ထန်းပင်မြစ်စားချင်ရင် ကိုယ့်ဘာသာ ကျင်းထဲကနေ တူးယူစားပေတော့။ အဲဒီတော့ ဆောင်းတွင်းမှာ ရွာကို ဖေဖေသွားတိုင်း အပြန်ကျရင် ထန်းပင်မြစ်စည်းက စက်ဘီးနောက် ကယ်ရီယာမှာ အမြဲပါလာတယ်။ လတ်လတ်ဆတ်ဆတ်နဲ့ အကြီးကြီးတွေ။

ဆောင်းတွင်းမှာ မီးလှုံရင်း ထန်းပင်မြစ်စားရတဲ့ အရသာက ဘာနဲ့မှ မလဲနိုင်ဘူး။ နောက်ပြီး ကျွန်တော်တို့ငယ်ငယ်ကတော့ ထန်းပင်မြစ်ကို မီးဖုတ်ပဲ စားကြတယ်။ ပြုတ်ပြီး စားလေ့မရှိဘူး။ ထန်းပင်မြစ်ဖုတ်တာကို ဖေဖေက ကျွမ်းကျင်တယ်။ ဖေဖေက ထန်းပင်မြစ်ကို တစ်ချောင်းချင်းစီ ဖုတ်တာမဟုတ်ဘူး။ သုံးချောင်းထောက်နဲ့ အစည်း လိုက် ဖုတ်တာ။ အိမ်မှာက ဆောင်းတွင်းမှာမီးလှုံဖို့ အိမ်ရှေ့ကွက်လပ်ကျယ်ကျယ်မှာ မီးဖိုထားတယ်။ နေရာကျယ်တော့ မိသားစုဝိုင်းထိုင်လို့ရတယ်။ တစ်ခါတလေ အိမ်နီးနားချင်းတွေလည်း လာကြ သေးတယ်။ အဲဒီမီးဖိုပေါ်မှာ ရေနွေးတည်လို့ရအောင် ဖေဖေက သုံးပေလောက်ရှည်တဲ့ ဝါးဆစ်ပိတ် ဝါးလုံး သုံးလုံးနဲ့ သုံးချောင်းထောက် ဖိုခနောက် လုပ်ထား တယ်။ ဝါးလုံး သုံးချောင်းရဲ့ထိပ်ကို အပေါက်တွေ ဖောက်ပြီး သွပ်နန်းကြိုးနဲ့တွဲထားတော့ ခေါက်သိမ်း လို့လည်းလွယ်၊ အကျဉ်းအကျယ်၊ အနိမ့်အမြင့်လုပ် လို့လည်း လွယ်တယ်။ သုံးချောင်းထောက်ရဲ့ထိပ်မှာ ခပ်သေးသေး သံကြိုးတစ်ခု တွဲလောင်းဆွဲထားပြီး သံကြိုးထိပ်မှာ ချိတ်တစ်ခုတပ်ထားလိုက်တော့ ရေနွေးအိုးတယ်မယ်ဆိုရင် သံကြိုးထိပ်ကချိတ်မှာ ချိတ်လိုက်ရုံပဲ။ ရေနွေးအိုးနဲ့ မီးဖိုနဲ့ အနိမ့်အမြင့် လုပ်ချင်ရင် သုံးချောင်းထောက်ခြေတွေကို စုလိုက်၊ ချဲ့လိုက်လုပ်ရုံနဲ့ အဆင်ပြေသွားရော။

ဆောင်းတွင်းရောက်လာပြီဆို ဖေဖေ့လက်ရာ အမြဲသတိရ

အဲဒီသုံးချောင်းထောက်က ရေနွေးအိုးတည်ရုံ တင် အသုံးဝင်တာ မဟုတ်ဘူး။ ထန်းပင်မြစ်ဖုတ် ရင်လည်း အဆင်ကိုပြေလို့။ သံကြိုးထိပ်က ချိတ်မှာ ထန်းပင်မြစ် အစည်းလိုက်ချိတ်ပြီး ဖုတ်လိုက်တာ။ အဲဒါနဲ့ဆို ထန်းပင်မြစ်အကျက်လည်း ညီတယ်။ တူးလည်းမသွားဘူး။ ပူပူနွေးနွေးလေး ထန်းပင် မြစ်လေးတွေကိုချိုး၊ အမျှင်တွေသင်ပြီး ဆီနဲ့ဆားနဲ့ တို့စားရင် စားလို့ကောင်းမှကောင်း။ နောက်ပြီး ထန်းပင်မြစ်ဖုတ်စားပြီးရင် ထန်းပင်မြစ် အူတိုင်လေး တွေနဲ့ ယပ်တောင်လေးတွေတို့၊ အရုပ်ကလေးတွေ တို့ ဖေဖေက လုပ်ပေးသေးတယ်။ နောက်ပိုင်း ကိုယ့် ဘာသာလုပ်တတ်တော့ ကစားစရာ တစ်မျိုးရသွား တယ်။ ဒါကြောင့် ဆောင်းတွင်းရောက်လာပြီဆို ဖေဖေ့လက်ရာ ထန်းပင်မြစ်ဖုတ်ကို အမြဲသတိရ တယ်။ အခုတော့ ဆောင်းလည်း မအေး၊ ဖေဖေလည်း မရှိတော့ ဆောင်းရဲ့အရသာ၊ ထန်းပင်မြစ်ဖုတ်ရဲ့ အရသာနဲ့ ဝေးခဲ့တာကြာပါပြီ။ ဆောင်းရောက်လို့ ထန်းပင်မြစ်စားရရင်တောင် အရင်လို အရသာနဲ့ မတူတော့သလိုဘဲ။

ကျွန်တော်တို့အညာမှာ ဆောင်းတွင်းဆို စားလို့ ကောင်းတဲ့ စားစရာတစ်မျိုး ရှိသေးတယ်ဗျ။ ကျွန်တော်တို့ကတော့ ထန်းခြည်ထွေးလို့ ခေါ်ကြ တာပဲ။ ထန်းဆန်ခြည်ထွေးလို့လည်း ခေါ်ကြတယ်။ ထန်းသီးစေ့တွေကနေ ထန်းပင်မြစ်မဖြစ်ခင် အညောက်လေးတွေ ပေါက်ခါစမှာ ထန်းစေ့ကို ခွဲလိုက်ရင် ထန်းချည်ထွေးရတယ်။ အဖြူရောင် လည်း ရှိတယ်၊ အဝါရောင်သန်းနေတာလည်း ရှိတယ်။ အဲဒီ အဆန်နုလေးက အရည်ရွှမ်းပြီး ချိုနေတာ။ ဘယ်သရေစာမုန့်နဲ့မှ မလဲနိုင်ဘူး။ အခုခေတ်စကား နဲ့ဆိုရင် အော်ဂဲနစ်အစစ်တွေ။ ပျော့ရွှတ်ရွှတ်နဲ့ အရသာမချိုတဲ့ အဆန်တွေလည်း ရှိတယ်။ ရွာမှာက ထန်းကျင်းရှိတော့ ထန်းကျင်းထဲက အညောက် ထွက်နေတဲ့ အစေ့တွေယူပြီး ခွဲစားကြတာ။ ဈေးမှာ ရောင်းတာတွေလည်း ရှိကြပါတယ်။ ရွာမှာတော့ ဝယ်စားစရာ မလိုဘူးလေ။

သူ့ရာသီ၊ သူ့ဒေသ၊ သူ့အစားအစာလေးတွေက လိုက်ဖက်

ဆောင်းတွင်းမှာ ရွာရောက်ရင် ထန်းပင်ထွက် အကောင်းဆုံးတစ်ခုလည်း ရှိသေးတယ်။ အဲဒါက ထန်းရည်ဗျ။ မုံရွာချင်းတွင်းမြစ် အနောက်ဘက် ကမ်းဘက်မှာက ထန်းတောတွေ ချည်းပဲလေ။ ဖေဖေတို့ဆိုရင် မိဘတွေက သားသမီးကို ထန်းပင် အမွေပေးကြတာ။ ထန်းတောထဲ သွားလိုက်ရင် ထန်းတဲတွေက အများကြီး။ ထန်းရည်ကနေ ထန်းလျက်ချက်တဲ့ တဲတွေ။ အဒေါ်က ကျွန်တော်တို့ ရောက်လာလို့ ထန်းရည်ချိုသောက်မယ်ဆို ယူပေး တယ်။ ချိုလိုက်တာဆို ပြောမနေနဲ့တော့။ ဒါကြောင့် ဆောင်းတွင်း ရွာပြန်ရင် သဘာဝထွက် အစားအစာ တွေက အများကြီးပဲ။ သူ့ရာသီ၊ သူ့ဒေသ၊ သူ့အစား အစာလေးတွေက လိုက်ဖက်ကြတယ်။

အညာဆောင်းမှာ ကျွန်တော်ကြိုက်တဲ့ စားစရာ တစ်ခုရှိသေးတယ်။ အဲဒါက စိမ်းစားဥပါပဲ။ ကျွန်တော် တို့ဘက်မှာ စိမ်းစားဥက ပေါတယ်။ အလုံးကလည်း ကြီး ချိုလည်း ချို၊ တကြွပ်ကြွပ်နဲ့ ဝါးစားရတာ အရသာ တယ်ရှိတာကိုး။ မေမေ ဈေးသွားရင် ကျွန်တော်ကြိုက်တတ်တဲ့ စိမ်းစားဥတစ်တွဲကတော့ အမြဲဝယ်လာတယ်။ စိမ်းစားဥက အအေးစာဆိုပေ မယ့် ဆောင်းရာသီနဲ့တော့ လိုက်သားဗျ။ သူ့ရာသီနဲ့ သူ့မို့လားတော့ မပြောတတ်ပါဘူး။ ဆောင်းတွင်းမှာ တစ်ခါတလေတော့ ကောက်ညှင်းကျည်တောက် စားရတယ်။ သိပ်တော့ မစားဖြစ်ပါဘူး။ ရံဖန်ရံခါမှပါ။ ကျွန်တော်က ကောက်ညှင်းကျည်တောက်ထက် ထမနဲကို ပိုကြိုက်တယ်။ သူလည်းပဲ ဆောင်းရာသီရဲ့ ရာသီစာလိုပဲ။ ဒါပေမယ့် အခုတော့ အချိန်မရွေး ဝယ်စားလို့ရနေပါပြီ။

ဆောင်းတွင်း အေးတဲ့အခါ မီးလှုံကြ

အညာဆောင်းအကြောင်း ပြောရင်တော့ အများကြီးပါပဲ။ မှတ်မိတာ တစ်ခုရှိသေးတယ်။ မီးလှုံရင်းစောင်ကို မီးစွဲသွားလို့လေ။ ဆောင်းတွင်း အေးတဲ့အခါကျတော့ အညာစောင်ကြီး တယမ်း ယမ်းနဲ့ ဖိုသီဖတ်သီခြုံပြီး မီးလှုံကြတာကိုး။ မီးလှုံတဲ့ အခါ ပထမတော့ မီးဖိုဘက်လှည့်ပြီး လက်တွေ၊ ခြေထောက်တွေကို နွေးအောင်လှုံကြ။ နည်းနည်း ကြာလာလို့ မျက်နှာဘက်နည်းနည်းပူလာရင် မီးဖို ကို ကျောပေးပြီး နောက်ကျောနွေးအောင် လှုံကြနဲ့။ ဇာတ်လမ်း က အဲဒီမှာစတာပဲ။ စောင်ခြုံထားပြီး မီးဖိုကို နောက်ကျောပေးထိုင်နေတာ။ ခြုံထားတဲ့ နောက်ကျောဘက် စောင်အစက မီးနဲ့ ကပ်သွားပြီး စောင်ကိုမီးစွဲသွားပါလေရော။ စောင်မှာ မီးလောင် ပေါက်ကြီး ဖြစ်သွားတယ်။ အဲဒီလိုပါဆို။ အခုတော့ အညာဆောင်းလည်း စောင်ခြုံပြီး မီးလှုံရလောက် အောင် မအေးတော့ပါဘူး။ အဲဒီတော့ စောင်စမီးစွဲမှာ လည်း မပူရတော့ဘူးပေါ့။

ဆောင်းရောက်ရင် ကျွန်တော်ဖြစ်နေကျ တစ်ခု က မီးလှုံလို့ အသားပတ်သလို ဆောင်းတွင်းမှာ နှူတ်ခမ်းကွဲတာနဲ့ လျှာကွဲတာပဲ။ ဆောင်းရောက်လို့ နှူတ်ခမ်းကွဲ၊ လျှာကွဲရင် ထမင်းစားချိန်ဆို ဒုက္ခ ရောက်ပြီ။ ငရုတ်သီးအစပ် စားမိလို့ကတော့ စွေ့စွေ့ ကို ခုန်နေရတာ။ ကျွန်တော့်အစ်မဖြစ်သူတွေကတော့ အလှဆီတွေတို့၊ နှူတ်ခမ်းနီတွေ ဆိုးကြတာပေါ့။ နှူတ်ခမ်းတွေခြောက်၊ နှူတ်ခမ်းတွေ ကွဲတာလည်း အနေရအတော်ဆိုးတာ။ အဲဒါဆို မေမေက ဟင်းချက် ရင် ငရုတ်သီးလျှော့ပြီး ချက်ပေးတယ်။ ငရုတ်သီး လျှော့မထည့်လည်း စားတာပါပဲ။ စပ်ကာမှ စပ်ရော။

ရာသီဥတုက သိသိသာသာကို ပြောင်းနေ

တစ်ရက်က မုံရွာက သူငယ်ချင်းနဲ့ဖုန်းရတော့ ငယ်ငယ်က အညာဆောင်းနဲ့ ပတ်သက်လို့ပြော ဖြစ်ကြသေးတယ်။ ဆောင်းက အရင်လိုမအေးတော့ ပါဘူးကွာတဲ့။ ဟုတ်မှာပဲ ... ရာသီဥတုက မသိမသာ လေး ပြောင်းတာမဟုတ်ဘူး။ သိသိသာသာကို ပြောင်းနေတာ။ တောင်ကြီးမြို့လို တောင်ပေါ်ဒေသ မှာတောင် အအေးကပေါ့နေပြီ။ ငယ်ငယ်တုန်းက ဆောင်းတွင်းမနက်မှာ ပါးစပ်ကနေ ဝါးခနဲ လုပ်လိုက်ရင် အငွေ့တွေထွက်တဲ့အထိ အေးတယ်။ မျက်နှာသစ်မလို့ ရေထိလိုက်ရင်တောင် အေးလွန်း လို့ မျက်နှာကို ရေနဲ့ပွတ်တယ်ဆိုရုံ ပွတ်လိုက်တာ။ ချေးပြောင်တာ မပြောင်တာမသိဘူး မအေးရင် ပြီးတာပဲ။ ရေချိုးဖို့ကတော့ ပြောမနေနဲ့ တော့။

စာမျက်နှာ ၂၁ သို့

တောင်ကုတ်မြို့နယ်၌ ကျေးရွာတွင်းလမ်း ကျောက်ခင်း

တောင်ကုတ် ဧန်နဝါရီ ၅ တောင်ကုတ်မြို့နယ် လက်ျာစတိုင်ကျေးရွာ၌ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအရ ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်းနှင့် စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းများကို ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူး ဦးဦးတင်မောင်နှင့် အဖွဲ့က ဧန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ခရိုင် ဦးစီးမှူးသည် ကျေးရွာတွင်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများ ရေရှည်ခိုင်ခံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့သည်။ ထို့နောက် စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ ပိုက်လိုင်းများကို ရေရှည် သုံးစွဲနိုင်ရန်နှင့် သဘာဝဘေးများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်လာပါက ပြန်လည် ပြုပြင်ရမည့် ကိစ္စရပ်များကို မှာကြားခဲ့သည်။ **အောင်လှဖြူ**

အမည်မှန်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အမှတ်(၅)ရပ်ကွက်၊ အထက(ခွဲ) ငကျော်တောင်ကျောင်း Grade (1) မှ (ဘ)ဦးရဲဇော်ထူး၏ သမီး အမည်မှန်မှာ မအိမ့်ဟန်နီဖြိုး ဖြစ်ပါကြောင်း။

မအိမ့်ဟန်နီဖြိုး

စာအုပ် စာပေ လူမိတ်ဆွေ

ရွှေတောင်မြို့နယ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ရွှေတောင် ဧန်နဝါရီ ၅ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲများ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေတောင်မြို့နယ် ရုံးမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့် က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင်ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမြအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေတောင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်၊ စာပေကိုချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင် ဆရာကြီး ဦးမြင့်ဦးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

အုတ်တွင်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

အုတ်တွင်း ဧန်နဝါရီ ၅ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကြက်သွန်ခင်း(၁)ရပ်ကွက် မနော်ဟရီကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဧန်နဝါရီ ၃ ရက်က အဆိုပါလမ်း၌ ကျင်းပသည်။

